ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
သမိုင်းသုတေသနဦးစီးဌာန

"မျက်မှောက်ခေတ်နိုင်ငံတကာဆက်ဆံရေးနှင့်မြန်မာနိုင်ငံ"

သုတေသနစာတမ်းဖတ်ပွဲ

# "ရခိုင်ဒေသအတွင်းသို့ မွတ်ဆလင်များ ဝင်ရောက်လာခြင်းနှင့် နိုင်ငံရေးလှုပ်ရှားမှုအဆင့်ဆင့်"

ဦးမြင့်သိန်း
ညွှန်ကြားရေးမှူး
သမိုင်းသုတေသနဦးစီးဌာန

၂၁ မတ် ၂၀၀၉ခုနှစ်

# ရခိုင်ဒေသအတွင်းသို့ မွတ်ဆလင်များဝင်ရောက်လာခြင်းနှင့် နိုင်ငံရေးလှုပ်ရှားမှုအဆင့်ဆင့်

မြင့်သိန်း[1]

## (က) ရခိုင်ပြည်နယ်၏ ပထဝီအနေအထားနှင့်နောက်ခံသမိုင်း

မြန်မာနိုင်ငံ၏ပြည်နယ်တစ်ခုဖြစ်သောရခိုင်ပြည်နယ်သည်မြောက်လတ္တီတွဒ်၁၇-၁၅'နှင့်၂၁-၁၁'၊အရှေ့ လောင်ဂျီတွဒ်၉၂-၁၁'နှင့်၉၄-၅၅'တို့အကြားတွင် တည်ရှိသည်။ဧရိယာစတုရန်း မိုင်ပေါင်း၁၄၂၀၀ရှိသည်။ ၂၀၀၈ ခုနှစ် စာရင်းအရ လူဦးရေသုံးသန်းနီးပါးရှိသည်ကို တွေ့ရသည်။

ဓညဝတီ(စစ်တွေခရိုင်)၊ရမ္မာဝတီ(ကျောက်ဖြူခရိုင်)နှင့် မေဃဝတီ(မာန်အောင်ခရိုင်)စသည့် ၄ဝတီဒေသရပ်နှင့်ပေါင်းစည်းအပ်သောရခိုင်ပြည်နယ်တွင် ဓညဝတီခေတ်၊ဝေသာလီခေတ်၊လေးမြို့ခေတ်၊မြောက်ဦးခေတ် ဟူ၍ ခေတ်လေးခေတ်ထွန်းကားခဲ့သည်။ရခိုင်သမိုင်းမှတ်တမ်းများအရ ဓညဝတီခေတ်သည် ဘီစီ ၃၃၂၅မှအေဒီ ၃၂၇ အထိ ရှည်ကြာခဲ့သည်ဟုဆိုသည်။အထောက်အထားအဖြစ် ဓညဝတီမြို့ဟောင်း၏မြို့ရိုးများနန်းရာများကို ယနေ့တိုင် တူးဖော်တွေ့ရှိနေရခြင်းက သက်သေပင်ဖြစ်သည်။ဓညဝတီသည် ပထမဓညဝတီ၊ဒုတိယဓညဝတီ၊တတိယဓညဝတီဟူ၍ထွန်းကားခဲ့ရာ ဘီစီ၅၈၀တွင်နန်းတက်သောစန္ဒသူရိယမင်းသည်တတိယဓညဝတီကိုတည်ထောင်၍ မြို့တော်ကို ကောင်းတင်းခိုင်မာအောင်ပြုလုပ်ပြီး သူရိယမင်းဆက်ကိုတည်ထောင်ခဲ့သည်။ဓညဝတီမြို့သည်အေဒီ ၃၂၇အထိ မြို့တော်အဖြစ်ဆက်လက်တည်ရှိခဲ့ရာနောက်ဆုံးမင်းမှာ သူရိယကေတုဖြစ်သည်။၎င်းလက်ထက်တွင် ဝေသာလီအရပ်သို့ပြောင်းရွှေ့ခဲ့သည်။[2] ရခိုင်ရာဇဝင်အရ ဝေသာလီသည်အေဒီ၉၅၇တွင် ရှမ်းတို့ဝင်ရောက်တိုက်ခိုက်သဖြင့် ပျက်စီးသည်ဟုဆိုသည်။[3] ဝေသာလီမြို့တော်ဟောင်းနေရာသည် ယနေ့တိုင်ရှိနေပြီးရှေးဟောင်းသုတေသနမှ တူးဖော် သုတေသနပြုနေသည်ကို တွေ့ရှိရသည်။[4]

ဝေသာလီအပျက်တွင် ငမင်းငတုံခေါင်းဆောင်သောသက်လူမျိုးတို့ အင်အားကြီးထွားလာပြီးအေဒီ ၇၉၄ တွင်နန်းတက်သည်။ မြို့တော်ကိုလည်း ဝေသာလီမှစမ္ပဝက်သို့ပြောင်းရွှေ့ခဲ့ပြီး နောင်အခါလေးမြို့ခေတ်ဟုထင်ရှားလာမည့်ခေတ်တစ်ခေတ်ကို စတင်ခဲ့သည်။ လေးမြို့ခေတ်တွင် စမ္ပဝက်မြို့မှ ပဉ္စာမြို့၊ ပရိန်မြို့၊ ခြိတ်မြို့၊ တောင်ငူနေရဉ္စရာ၊ လောင်းကြက်မြို့များသို့ အဆင့်ဆင့်ပြောင်းလဲ နန်းစိုက်ခဲ့ကြသည်။ လောင်းကြက်မြို့တွင် နောက်ဆုံးမင်းမှာ အေဒီ၁၄၀၄တွင်နန်းစံသည့်မင်းစောမွန်ဖြစ်သည်။မင်းစောမွန်နန်းတက်ပြီး (၂)နှစ်အကြာတွင် အင်းဝရန်စစ်ကြောင့် ထွက်ပြေးပုန်းအောင်းနေခဲ့ရသည်။အေဒီ ၁၄၃၀တွင်မင်းစောမွန်သည် ပြန်လည်သိမ်းယူခဲ့

---

[1] [illegible]
[2] Thin Kyi, Arakanese Capital: "A Preliminary Survey of the Geographical Sitting", JBRS, Vol LIII Part II, Rangoon 1970, p.1-13
[3] [illegible]
[4] [illegible]
[5] Arakan Palace, p.4[illegible]
[6] [illegible]

သည်။ သည် သော်မင်းစောမွန်သည် စစ်အားဖြင့်ခက်မကြာခဏကျူးကျော်သည့် လောင်းကြက်မြို့တော်ကို စွန့်လွှတ်ကာ မြောက်ဦးမြို့တော်ကို ထိုနှစ်မှာပင် ပြောင်းရွှေ့တည်ထောင်ခဲ့သည်။[1]

မြောက်ဦးရခိုင်တွင် တည်ထောင်ခဲ့သော ဓညဝတီ၊ ဝေသာလီ၊ လေးမြို့ခေတ်များတွင်ကိုးကွယ်သော ဘာသာမှာ ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာတို့ဖြစ်သည်ကိုတွေ့ရသည်။ ဗုဒ္ဓဘာသာတွန်းကားမှုကို ဒုတိယ ဓညဝတီနိုင်ငံ တည်ထောင်ပြီးနောက် စန္ဒသူရိယလက်ထက် ထင်ရှားသည့် မဟာမုနိရုပ်ပွားလုပ်မှုက သက်သေ ထူသည်ဟုဆိုသည်။ ဝေသာလီခေတ်ပြောင်းလဲ ပြီးတွင် မဟာတိုင်းစန္ဒြားမင်းလက်ထက် သီလရဟန်းရှိသော ကြီးမားသောသိမ်များ ဆောင်းသိမ်းမကျွံခဲ့သည် ဟုဆိုသည်။[1] မဟာတိုင်းစန္ဒြားမင်း၊ ဂွန်ချ၊ သူရိယစန္ဒြားမင်း လက်ထက်တွင် မဟာမုနိဘုရားဖူး သိမ်တော်ကျောင်းဆည်ပွဲတွင် သီရိလင်္ကာနိုင်ငံမှ ဆုံးနော်ရှုံးအား ပင့်ဖိတ်လျှုဒါန်းခဲ့ခြင်းကြောင့် ဝေသာလီခေတ်တွင် ထေရဝါဒဗုဒ္ဓသာသနာပျံ့နှံ့ခဲ့သည်ကို လေ့လာတွေ့ရှိနိုင်သည်။

(၁) မြောက်ဦးခေတ်တွင် မွတ်ဆလင်များစတင်ရောက်ရှိလာခြင်း

ရခိုင်သမိုင်းတွင် မြောက်ဦးခေတ်သည်နောက်ဆုံးပဒေသရာဇ်ခေတ်ဖြစ်ပြီး အေဒီ ၁၄၃၀ မှ အေဒီ ၁၇၈၄ အထိ အုပ်ချုပ်ခဲ့သည်။ အင်အားကြီးသည့် ရခိုင်မင်းများလက်ထက်တွင် ဘင်္ဂါလီ ၁၂ နယ်အထိ သိမ်းပိုက်အုပ်ချုပ်ခဲ့ရာ စစ်တကောင်းသည် ၁၆၆၆ ခုနှစ်တွင် မဂိုတို့မသိမ်းပိုက်မီကာလအထိ ရခိုင်ဘုရင်များပိုင်နက်ထဲတွင် ရှိခဲ့သည်။ ထို့ကြောင့် မြောက်ဦးခေတ်အစောပိုင်းမင်းများသည် ဘင်္ဂါလီနယ်ကို ပိုင်ဆိုင်ထားသဖြင့် ဘုရင်ဘွဲ့ကို မြန်မာဘွဲ့အမည်အပြင် မွတ်ဆလင်ဘွဲ့အမည်ကိုခံယူခဲ့ကြသည်။ ဟုနည်းအားဖြင့်မွတ်ဆလင်ဘွဲ့အမည်များအသုံးပြုခြင်းဖြင့် သိမ်းပိုက်ထားသော ဘင်္ဂါလီနယ်များကို စည်းရုံးရေးအသွင်ဆောင်ရန် မနိတ်ဖြင့်ဖြစ်သည်ကို တွေ့ရသည်။[2] ထို့အပြင် ဘင်္ဂါလီနယ်များ၏ ယုံကြည်မှုကို ရယူနိုင်ရန် ဒင်္ဂါးတွင်ရခိုင်ဘုရင်တို့၏ရခိုင်ဘွဲ့ အမည်သာမက မွတ်ဆလင်ဘွဲ့အမည်ကိုပါ ထည့်သွင်းရိုက်နှိပ်လေ့ရှိသည်ကိုတွေ့ရသည်။ ဒင်္ဂါးတွင် ရခိုင်ဘုရင်များသည် ဗုဒ္ဓဘာသာဝင်ဘုရင်များသာဖြစ်သည်ကိုတွေ့ရသဖြင့် ဗိုလ်ချုပ်ကြီး ရှိုင်း သည်အဆိုကို ထောက်ခံနိုင်သည်။ ရာဇဝင်ဆရာကျော်ဖြူ ပြောခဲ့သည်ကို တွေ့ရသည်။ ပါမောက္ခဆာရာဂျ်ခင်က ရေးသားထားသည်မှာ တွင် သြဇာလွှမ်းမိုးလိုသည့် သဘောဖြစ်သည်ကို တွေ့ရသည်။ ဘင်္ဂါလီ ရခိုင်ဘုရင်မင်းစောမွန်ဘင်္ဂါလီသို့ထွက်ပြေးခိုလှုံသည်ဟူသောအထောက်အထားများ ဘင်္ဂါလီသမိုင်းတွင်မရှိကြောင်း၊ ရခိုင်ပြည်သူတို့ကမင်းစောမွန်ပြန်လာပြီးနောက်ပိုင်းမွတ်ဆလင်ယဉ်ကျေးမှုကိုလက်ခံသည်လည်းမဖြစ်နိုင်ကြောင်း၊ ရခိုင်ဘုရင်များက မွတ်ဆလင်ဓာပေယဉ်ကျေးမှုကိုအားပေးလက်ခံသည်ဆိုသည်မှာလည်း၊ ခိုင်မာသည့်အထောက် အထားများမရှိကြောင်း ရေးသားခဲ့သည်။ ထို့အပြင် ရခိုင်ဘုရင်အချို့ မွတ်ဆလင်ဘွဲ့ခံခြင်း။ ဒင်္ဂါးတွင်ရိုက်နှိပ်ခြင်းသည်

---

[1] [illegible]

[2] [illegible] ၂၄၆၊ ၂၆၀

[3] မြန်မာ [illegible]

ကိုအာရဗျစာဖြင့်ရေးသားခြင်းများရှိသည်ဆိုသော်လည်း မင်းစောမွန်ကိုဆက်ခံသည့်ဘုရင်များသည် အေဒီ၁၄၃၀ မှရခိုင်ကို ဗမာမင်းတိုက်ခိုက်သိမ်းပိုက်သည့်အေဒီ၁၇၈၄အထိ မည်သူမျှမွတ်ဆလင်များမဟုတ်ခဲ့ကြောင်း၊ ရခိုင်တွင် ဘုရင်၄၈ဦးနန်းတက်ခဲ့ရာ၉ဦးသာမွတ်ဆလင်အမည်ဖြင့် ဘွဲ့ခံထားခဲ့ခြင်းဖြစ်ကြောင်း၊၎င်း၉ဦးသည် စစ်တကောင်းကို သိမ်းပိုက်အောင်နိုင်ခဲ့သည့် ဘုရင်များဖြစ်သဖြင့် လက်အောက်ခံဒေသတွင် ရှိသည့်ပြည်သူတို့၏ကြည်ညိုမှုရရှိအောင် ဆောင်ရွက်ခြင်းသာဖြစ်နိုင်ကြောင်း ထောက်ပြဝေဖန်ထားသည်ကို တွေ့ရသည်။[၁]

ရခိုင်ဘုရင်လက်အောက်တွင်ရှိစဉ်က သုံ့ပန်းအဖြစ်ဖမ်းဆီးခေါ်ယူလာသောမွတ်ဆလင်များကိုလယ်ယာလုပ်ငန်းတွင်လည်းကောင်း၊အခြားအမှုထမ်းလုပ်ငန်းများတွင်လည်းကောင်း၊နိုင်ငံခြားဖြင့်ဘင်္ဂါလီနယ်မှ အခြေချနေထိုင်လာသောမွတ်ဆလင်များ ရခိုင်ဒေသတွင် ၁၅ရာစုတွင်စတင်ရောက်ရှိလာခဲ့သည်။[၂]၁၇ရာစုတွင် ပေါ်တူဂီနှင့်ရခိုင်တို့ ကျွန်အရောင်းအဝယ်လုပ်ကိုင်ကြသဖြင့်ကျွန်ဈေးကွက်တွင် ဖမ်းဆီးရောင်းချသောဘင်္ဂါလီနယ်မှမွတ်ဆလင်များရှိခဲ့ရာထိုကျွန်များကိုလယ်ယာလုပ်ငန်းတွင်လည်းကောင်း၊လက်မှုလုပ်ငန်းများတွင်လည်းကောင်း၊အမှုထမ်းအဖြစ်လည်းကောင်းအသုံးပြုခြင်းဖြင့်ရခိုင်ဒေသသို့မွတ်ဆလင်အချို့စတင်ရောက်ရှိလာခဲ့သည်ဟုဆိုသည်။[၃] ရခိုင်သို့ရောက်ရှိလာသည့် မွတ်ဆလင်များသည်စစ်အတွင်း ရခိုင်ဗမာများဖမ်းလာသည့်ကျွန်များက ဆင်းသက်လာသူများဖြစ်သည်ဟုဆိုသည်။[၄]

(ဂ)ဗြိတိသျှကိုလိုနီခေတ် ဘင်္ဂါလီမွတ်ဆလင် အများအပြားဝင်ရောက်လာခြင်း

၁၇၈၅ခုနှစ်တွင် ဗမာမင်းက ရခိုင်ပဒေသရာဇ်နယ်ကိုသိမ်းပိုက်ပြီးနောက်အင်္ဂလိပ်တို့သိမ်းပိုက်ထားသောဘင်္ဂါလီနယ်နှင့်ဆက်စပ်လာရာ အင်္ဂလိပ်-မြန်မာဆက်ဆံရေးမှာ တင်းမာမှုဖြစ်လာသည်။၁၈၂၄တွင်ရှင်မဖြူကျွန်းကိုအကြောင်းပြု၍အင်္ဂလိပ်-မြန်မာပထမစစ်ဖြစ်ပွားခဲ့ရာ ရန္တပိုစာချုပ်ဖြင့်စစ်ရပ်စဲခဲ့ရသည်။[၅] ထိုစာချုပ်အရရခိုင်နှင့်တနင်္သာရီသည် အင်္ဂလိပ်တို့လက်အောက်သို့ရောက်သွားရာရခိုင်သည် အင်္ဂလိပ်တို့သိမ်းပိုက်ထားပြီးဖြစ်သောဘင်္ဂလားနယ်များနှင့်တစ်ပေါင်းတည်းတည်ရှိလာခဲ့သည်။ရခိုင်ကိုအင်္ဂလိပ်တို့သိမ်းပိုက်ပြီးနောက် ပထမပိုင်းတွင်စီးပွားရေးအရအကျိုးအမြတ်မရှိသဖြင့် ဘင်္ဂလားဘုရင်ခံ၏အုပ်ချုပ်မှုအောက်တွင်ထားခဲ့သည်။မောင်တောမြို့နယ်၊ဘူးသီးတောင်မြို့နယ်တို့သည် ကျယ်ပြန့်၍မြေဩဇာကောင်းသည့်မြစ်ဝှမ်းလွင်ပြင်ကို ပိုင်ဆိုင်ထားရာမောင်တောမြို့နယ်တစ်ခုတည်းမှာပင် ဒိုက်ပျိုးနိုင်သောမြေ(၈၀၀၀)ကျော်ရှိခဲ့သည်။ထိုစဉ်ကလူဦးရေမှာ ၆၅၄၈၇ဦးရှိပြီးတိုင်းရင်းသားများဖြစ်သော ရခိုင်၊သက်၊ဒိုင်းနက်၊မြို၊ခမွီး တို့နေထိုင်သောကျေးရွာပေါင်း(၁၇၂)ရွာရှိခဲ့သည်။၎င်းတို့၏စီးပွားရေးပုံစံသည် ဝမ်းစာစီးပွားရေးစနစ်မှာပင်တည်ရှိခဲ့သည်။

-----------------------------------------

၁ Serajuddin, Muslim Influence in Arakan and the Muslim Names of Arakanese Kings, Asiatic Society of Bangladesh ,VolXXX,I,June,1986,P20

၂ ရခိုင်ရာဇဝင်သစ်(၃)တွဲ၊၁၉၃၃၊

၃ Maurice Collis,The Land of the Great Image,Faber and Faber Ltd,London,P-107

၄ Smart ,Report on the Revision Settlement Operations in the Akyab district 1913-1917,Rangoon,Govt. Press,1918 P-15

၅ နတ်ပေါက်ဘုန်းကျော်၊ အင်္ဂလိပ်-မြန်မာစစ်သမိုင်း(ဒုတိယအကြိမ်)စာပေလောကပုံနှိပ်တိုက်၊ရန်ကုန်၊၁၉၉၉၊စာ-၁၂၉

၁၈၃၉ ခုနှစ် ရွှံ့မြေရှိုင်းများ တိုင်း၏ လုပ်ကိုင်နိုင်ရေးအတွက် ရခိုင်ပြည်နယ်ကဲ့သို့ ဥပဒေပေးမှုပြုလုပ်ခဲ့ရာ ထိုဥပဒေအရ ရှုပ်ထွေးသည့် နယ်မြေအပြောင်းအလဲများပေါ်ပေါက်လာခဲ့သည်။ မြေပိုင်ရှင်များ အနေဖြင့် မြေအများအပြားပိုင်ဆိုင်လာသဖြင့် အလုပ်သမားအများအပြားလိုအပ်လာရာ စစ်တကောင်းမှ ဘင်္ဂါလီများ မောင်းပုံမွေးရတီများ အများအပြားဝင်ရောက်လာသည်။ ၁၈၆၉ ခုနှစ်တွင် စူးအက်တူးမြောင်းဖောက်လုပ်ပြီးနောက်ဆန်စပါးလုပ်ငန်းတိုးတက်လာရာ ဥပဒေပြုရသူများက ဗြိတိသျှအစိုးရအနေဖြင့် ပတ်တာဂရံမနမ်(ဂရံကြီးစနစ်)ဖြင့်တိုင်းရင်းသားနှင့် နိုင်ငံခြားသားအရင်းရှင်များအား မြေလွတ်မြေရိုင်းများ တိုး၍ လုပ်ကိုင်ခွင့်ပေးခဲ့သည်အပြင် သုံးနှစ်အတွင်း အစိုးရသို့ မြေခွန်ပေးရန်မလိုကြောင်း၊ သတ်မှတ်ပေးခဲ့သဖြင့် တိုင်းရင်းသားနှင့် နိုင်ငံခြားသားအရင်းရှင်များသည် မြေဧက(၃၀၀၀)အထိ တိုး၍ စိုက်ပျိုးလာခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်ပိုင်နက်ဖြစ်သော ဘင်္ဂါလားမှ စစ်တကောင်း၊ မွတ်ဆလင်နှင့် ဘင်္ဂါလီများသည် ဗြိတိသျှတို့၏ စီးပွားရေးမူဝါဒအရ လယ်ယာလုပ်ငန်းတိုးတက်လုပ်ကိုင်ရန် ရခိုင်ဒေသအတွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာခဲ့သည်။[၁]

ယခင်ကလူနည်းစုသာနေထိုင်သော စစ်တွေခရိုင်တွင် နောက်ပိုင်း၌ အများအပြားတိုးလာသည်ကို တွေ့ရသည်။ ၁၈၇၂ ခုနှစ် သန်းခေါင်စာရင်းအရ စစ်တွေခရိုင်တွင် မွတ်ဆလင်ဦးရေ(၅၈၂၃၅) ရှိရာမှ ၁၉၁၁ ခုနှစ် သန်းခေါင်စာရင်းအရ (၁၇၈၆၄၂) ဦးရေရှိလာသည်ကို တွေ့ရသည်။[၂] အစပိုင်းတွင် စပါးစိုက်ပျိုးရာသီ၊ ရိတ်သိမ်းရာသီတို့တွင် ယာယီလုပ်ကိုင်ပြီး ပြန်သွားကြသော်လည်း၊ နောက်ပိုင်းတွင် အမြဲတမ်းနေထိုင်လာသည်ကို တွေ့ရသည်။ ထို့ကြောင့် လူဦးရေစာရင်းတွင် အလျင်အမြန်တိုးပွားလာသောအခြေအနေကို တွေ့ရသည်။ ဘင်္ဂါလီဒေသတွင် လူဦးရေထူထပ်ပြီး လုပ်ကိုင်စားသောက်ရန် မြေနည်းပါးသဖြင့် မြန်မာနိုင်ငံအတွင်း ရခိုင်ဒေသသို့ တဖြည်းဖြည်း တိုးဝင်လာမှုသည် ကိုလိုနီခေတ်တွင် အများဆုံးဖြစ်သည်ကို တွေ့ရသည်။ ပြည်သူ့ကျန်းမာရေးဝန်၏ ၁၉၃၀ - ၃၁ အစီရင်ခံစာအရ သာမန်အားဖြင့် တစ်နှစ်လျှင် စစ်တကောင်းသားကုလီပေါင်း ၄၀၀၀၀ ကျော် ဝင်လေ့ရှိကြောင်း၊ ၁၉၃၁ သန်းခေါင်စာရင်းအရ စစ်တွေခရိုင်အတွင်း အိန္ဒိယတိုင်းရင်းသား ယောကျ်ားပေါင်း ၂၅၀၀၀၀ ကျော်ရှိကြောင်း သိရသည်။[၃] စစ်တွေခရိုင်တွင် နေထိုင်သော အိန္ဒိယသားများအနက် ၈၀ ရာခိုင်နှုန်းမှာ စစ်တကောင်းကုလားများ ဖြစ်သည်။

၁၉၃၄ တွင် ရခိုင်ဒေသသို့ ဝင်ရောက်လာသော စစ်တကောင်းကုလားဦးရေမှာ ၂၀၀၀၀ ဖြစ်သည်။ မောင်တောမြို့နယ်တွင် ၁၉၂၁ ခုနှစ်က လူဦးရေစာရင်းအရ ဘင်္ဂါလီနယ်မှ မွတ်ဆလင် ၆၈၀၃၅ ယောက်ရှိပြီး တိုင်းရင်းသားမှာ ၂၂၆၈၇ ယောက်ရှိခဲ့သည်။ ခုနှစ်အလိုက် မွတ်ဆလင်များ မောင်တောမြို့နယ်တွင် တိုးပွားလာပုံမှာ-

| ခုနှစ် | လူဦးရေ |
|---|---|
| ၁၉၂၁ | ၆၈၀၃၅ |

---

၁ မောင်တောမြို့နယ်ဖြစ်စဉ်သမိုင်း၊ သမိုင်းပြုစုရေးအဖွဲ့၊ မောင်တောမြို့နယ်ပြည်သူ့ကောင်စီ၊ ၁၉၈၁၊ စာ ၂၅

၂ Burma Gazetteer, Akyab District, Vol(A),Rangoon(Yangon), Govt. Press, 1957,p.83

၃ ဦးမှတ္ထန်းပြု၊ ရခိုင်ပြည်နယ်စီးပွားရေးအကျောတိုက်၊ တောက်တောက်ဝင်းပုံနှိပ်တိုက်၊ ၁၉၇၆၊ ရန်ကုန်၊ စာ ၉၅

| | |
|---|---|
| ၁၉၃၁ | ၁၀၄၃၀၈ |
| ၁၉၄၁-၄၂ | ၁၂၄၄၁၂ |
| ၁၉၅၆ | ၁၈၇၇၉၂ |
| ၁၉၇၈ | ၂၉၅၀၆၇ |
| ၁၉၈၁ | ၂၄၀၉၉၃ |
| ၁၉၈၆ | ၂၆၄၅၀၇ |

ဖြစ်သည်ကိုတွေ့ရသည်။ မောင်တောမြို့နယ်တစ်ခုတည်းမှာပင် ၁၉၈၆ ခုနှစ်လူဦးရေသည် ၁၉၂၁ ခုနှစ်က လူဦးရေထက် နှစ်သိန်းနီးပါးမျှ တိုးလာသည်ကိုတွေ့ရသည်။သို့ရာတွင်တိုင်းရင်းသားဦးရေသည် ကိုလိုနီခေတ် က ၂၅ ရာခိုင်နှုန်းရှိရာမှ ပါလီမန်ခေတ်တွင် ၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်ဟု သိရှိရသည်။ တိုင်း ရင်းသားတို့သည် မွတ်ဆလင်တို့၏ခြိမ်းခြောက်ခံရမှုကြောင့်တဖြည်းဖြည်းပျောက်လျော့လာသည်ကိုတွေ့ရသည်။[၃] မောင်တောမြို့နယ်တစ်ခုတည်းမှာပင် ကျေးရွာပေါင်း ၉၈ ရွာသည်စစ်အပြီးတွင်ပြန်လည်ထူထောင်နိုင်ခြင်း မရှိ တော့ချေ။[၄] ဘူးသီးတောင်မြို့နယ်တွင်ဒုတိယကမ္ဘာစစ်အထိ မွတ်ဆလင်ရွာ(၇၅)ရွာရှိခဲ့ပြီး ယခုအခါမွတ်ဆလင် ရွာ ၁၃၈ ရွာရှိလာသည်ကို တွေ့ဆုံမေးမြန်းချက်အရ သိရှိရသည်။[၅] ဘူးသီးတောင်မြို့တွင် ၁၉၄၂ ခုနှစ်အထိ မွတ်ဆလင်အိမ် (၁၇)အိမ်သာရှိပြီး လူဦးရေအားဖြင့် ၁၀၀ကျော်သာရှိခဲ့ရာ ၂၀၀၉ခုနှစ်ကျင်မွတ်ဆလင် ဦးရေ ၂၀၀၀၀ ကျော်ရှိလာပြီး ရခိုင်လူဦးရေမှာ ၅၁၀၀၀ ကျော်သာရှိသည် ကိုတွေ့ရသည်။[၆]

ထိုသို့ဘင်္ဂါလီနယ်မှ မွတ်ဆလင်များနှစ်စဉ်တိုးလာရခြင်းသည် ဒေသခံရခိုင်တို့အတွက် နောင်ကာလတွင် အန္တရာယ်ကြီးဖြစ်လာစေနိုင်သည်ဟုဗြိတိသျှအာဏာပိုင်တို့က ယခင်ကပင်သတိပေးခဲ့သည်ကိုတွေ့ရသည်။၁၉၃၉ ခုနှစ်တွင် စုံစမ်းရေးကော်မရှင်ဖွဲ့ကာစုံစမ်းခဲ့ပြီး ထိုကော်မရှင်တွင်မင်းကြီးမစ္စတာဂျိမ်းအက်စ်ဘာက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ဦးတင်ထွန်းနှင့်မစ္စတာဒေဆိုင်း(ရန်ကုန်တက္ကသိုလ်)တို့ အဖွဲ့ဝင်များအဖြစ်ပါဝင်ခဲ့ကြသည်။၎င်းကော် မရှင်၏အစီရင်ခံစာတွင် ခရိုင်အလိုက်ပျံ့နှံ့နေသောအိန္ဒိယလူမျိုးများစာရင်းတွင် စစ်တွေခရိုင်၌(၂၁၀၉၉၀)၊ရခိုင် တောင်တန်းဒေသတွင်(၅၀၀)၊ကျောက်ဖြူခရိုင်တွင်(၄၃၂၁)၊သံတွဲခရိုင်တွင်(၁၉၉၀)တို့ဖြစ်ရာစုစုပေါင်း(၂၁၇၈၀၁) ဦးဖြစ်သည်ကိုတွေ့ရသည်။[၇] ယင်းအစီရင်ခံစာတွင်ရခိုင်သို့နှစ်စဉ်နှစ်တိုင်းစစ်တကောင်းမှအများအပြားဝင်ရောက် လာခြင်းကိုရခိုင်လူမျိုးများသာမက ရခိုင်တွင်နေထိုင်လျက်ရှိသောမွတ်ဆလင်များပင် မနှစ်သက်ကြောင်း တင်ပြ ခဲ့သည်။ယခုကဲ့သို့ရခိုင်သို့စစ်တကောင်းမွတ်ဆလင်များအဆက်မပြတ်ဝင်လာနေခြင်းကိုမတားဆီးနိုင်ခဲ့လျှင်နောင် အနာဂတ်တွင် လူမျိုးရေးအဓိကရုဏ်းများဖြစ်ပွားမည်ကို စိုးရိမ်ရကြောင်း၊သက်သေများအားလုံးကစစ်တကောင်း မွတ်ဆလင်များ ဝင်ရောက်မှုကို တားဆီးသင့်ကြောင်း အကြံပြုကြသည်။

---

၁ ဦးအောင်ကြည် (လဝက) နယ်စပ်ပြဿနာ၊ လက်ရှိပိုက်မှုမောင်တောမြို့၊၁၉၇၆၊စာ ၆

၂ သမိုင်းသုတေသနဦးစီးဌာန၊ မော်ကွန်းဌာနစု၊ D 1318

၃ ဦးအောင်ကြည်(လဝက) နယ်စပ်ပြဿနာ၊ စာ ၆

၄ မောင်တောမြို့နယ်ဖြစ်စဉ်သမိုင်း၊ စာ ၇၀

၅ OH/P/0301/2009 တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာနမော်ကွန်းဌာနစု၊

၆ [illegible]

၇ မောင်တောမြို့နယ်ဖြစ်စဉ်သမိုင်း၊စာ ၂၇

ဗစ်ပတကောင်းသားများ အများအပြားဝင်ရောက်လာခြင်းသည် ၁၉၃၇ ခွဲရေးတွဲရေး နိုင်ငံရေးအပြောင်းအလဲကြောင့်လည်းဖြစ်သည်ဟုသိရသည်။ ၁၉၃၅ ခုနှစ်မြန်မာနိုင်ငံအက်ဥပဒေအရ မြန်မာနိုင်ငံကိုအိန္ဒိယမှခွဲထုတ်ရန်ဆုံးဖြတ်ချက်အရ အိန္ဒိယမှခေါင်းဆောင်ဆာကာနှင့် မြန်မာနိုင်ငံအစိုးရဘက်မှ ဂျွန်ဦးဖော်တို့လူဝင်လူထွက်စာချုပ်တစ်စောင် ကြိုတင်ချုပ်ဆိုခဲ့ကြသည်။ ထိုဥပဒေအရ ဖြစ်လာမည့်မြန်မာနိုင်ငံ လူဝင်လူထွက်ဥပဒေများအရ လိုက်နာ ဆောင်ရွက်ခြင်းများကို စာချုပ်ချုပ်ဆိုသောနေ့မှစ၍ သုံးနှစ်အတွင်းရပ်တန့်ထားရန်ပါရှိသည်။ အသို့ပါ ခွဲထွက်ရေးကို ဗတင်ဆွေးနွေးလိုက်သည်နှင့်စစ်တကောင်းနယ်ဘက်မှ ကုလားများနောင်တွင်အခွင့်မရတော့မည်ကိုစိုးရိမ်ကာအလုံးအရင်းဖြင့်ဝင်ရောက်လာကြရာ မောင်တောနှင့် ဘူးသီးတောင်တစ်လျှောက် လမ်းများပေါ်တွင် ဝင်လာသည့်ကုလားများမြင်မကောင်းလောက်အောင် များပြားလှသည်ဟုဆိုသည်။ ဦးစော-ဆာကာ စာချုပ်ကို အကာအကွယ်ယူကာ အမြဲတမ်းနေထိုင်ရန်ရည်ရွယ်ချက်ဖြင့်သုံးနှစ်သုံးမိုးကာလအတွင်း အများအပြားဝင်လာရာ ရှိရင်းရွာများထက် နှစ်ဆသုံးဆ ပိုမိုများပြားလာပြီး အိမ်ခြေနည်းပါးသော ရခိုင်ရွာတွင်ပါ ဝင်ရောက်နေထိုင်လာကြသည်ကိုတွေ့ရသည်။[၁] စစ်တကောင်းသားများဝင်ရောက်လာမှုကိုစိုးရိမ်ရသည့်အခြေအနေတွင် ဒုတိယကမ္ဘာစစ်စတင်လာသဖြင့် မည်သို့မျှအကောင်အထည်မဖော်နိုင်ခဲ့ချေ။

(ဃ) ဒုတိယကမ္ဘာစစ်ကာလ ကုလား-ရခိုင်ပဋိပက္ခ

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားခင်၊ ၁၉၄၂ ခုနှစ်တွင် ဗြိတိသျှတပ်များ စတင်ဆုတ်ခွာလေသည်။ ၎င်းတို့ဆုတ်ခွာချိန်တွင် ဖုံးဖိရေးကော်ပရင်က အစီရင်ခံထားသည့်အတိုင်းပင် ကုလား-ရခိုင်အဓိကရုဏ်းဖြစ်ပွားခဲ့သည်။ အခြေခံအကြောင်းရင်းမှာ ဗြိတိသျှအစိုးရ၏ရခိုင်သို့ အိန္ဒိယကုလားများ အပြောက်အများဝင်ထွက်ခွင့်ပြုခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။ နိုင်ငံခြားမှ ရာပေါင်းများစွာသောကုလားများကို ရခိုင်သို့ ခေါ်သွင်းလာပြီး မြေယာများကိုပေးခဲ့ခြင်းနှင့်အတူကုလားမြေပိုင်ရှင်အများအပြားပေါ်လာခဲ့သည်။ ရခိုင်တို့၏လယ်မြေများမှာလည်း တဖြည်းဖြည်းဆုံးရှုံးလာကာ ရခိုင်လယ်ယာမဲ့များ၏ပဋိပက္ခသည် နှစ်ပေါင်းများစွာအဖြစ်တွယ်လာရာမှ အဓိကရုဏ်းဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။[၂] အခြားအကြောင်းရင်းတစ်ရပ်မှာ ဗြိတိသျှအစိုးရ၏ သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့်ဖြစ်သည်။ အရေးပါသောအကြောင်းရင်းတစ်ခုမှာလည်း ဗြိတိသျှတို့က ၁၃၀၀ပြည့်အရေးတော်ပုံကိုအာရုံလွှဲရန် ရည်ရွယ်ဆောင်ရွက်ခဲ့သော ကုလား-ဗမာအဓိကရုဏ်းကြောင့်ဖြစ်သည်။ ထိုအဓိကရုဏ်း၏ဂယက်သည် ရခိုင်သို့တဖြည်းဖြည်း ပျံ့နှံ့လာချိန်တွင်ဒုတိယကမ္ဘာစစ်ဖြစ်ပွားလာရာ စစ်ကြောင့်ဗြိတိသျှတို့နှင့်အတူ ပြေးလာသောကုလားများနှင့်ရခိုင်တို့ ဆက်လက်ထိပ်တိုက်ရင်ဆိုင်လာရသည်။ ဗြိတိသျှတို့အနေဖြင့် ၎င်းတို့ဘေးကင်းစွာဆုတ်ခွာနိုင်ရန် စစ်ပြေးအက်တော်သားများကအချင်းချင်းရန်တိုက်ပေးသည့်အနေဖြင့် မြန်မာနိုင်ငံသားမဟုတ်သူများကို ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ရန်ဟု အကြောင်းပြကာ လက်နက်များပေးအပ်ခဲ့သည်။[၃] ထိုအချိန်တွင် အင်္ဂလိပ်စစ်တပ်မှ ကုလားစစ်သည်များကို ဒေသခံကုလားများနှင့်ပေါင်းကာ ရခိုင်အမျိုးသားများကိုသတ်ဖြတ်မှု

---

၁ အုံပေါက်သာကျော်၊ ရခိုင်ပြည်နယ်နှင့် ရိုဟင်ဂျာ [illegible]

၂ အုံပေါက်သာကျော် [illegible] ၁၉၇၃၊ စာ ၃

၃ [illegible]

များစတင်ခဲ့သည်။ ကုလားရခိုင်အဓိကရုဏ်း ရုတ်တရက်ဖြစ်ရခြင်းသည် မြေပုံမြို့နယ်၊ချောင်းကြီး ရွာသူကြီးညီအစ်ကိုနှစ်ဦးကို ရက်ချောင်းရွာမှ ကုလားများက သတ်ဖြတ်ခြင်းမှစတင်ခဲ့သည်။ ကုလားများက ရခိုင်ရွာသူကြီးအုပ်ချုပ်သည်ကိုမနှစ်မြို့သဖြင့် စစ်အတွင်းအခွင့်သာသည့်ကာလတွင် သတ်ဖြတ်ခြင်းဖြစ်သည်။ ထိုအရေးအခင်းကိုအကြောင်းပြု၍သိန်းကျော်အောင်၊ကျော်ယံအစရှိသော ရခိုင်တိုင်းရင်းသားတို့က ဒေါသထွက်ကာ ဧည့်သည်ရက်ချောင်းကုလားတို့ကို လက်တုံ့ပြန်သတ်ဖြတ်သည်တွင် ကုလား-ရခိုင်အဓိကရုဏ်းစတင်ခဲ့ခြင်း ဖြစ်သည်။[1] ထိုမှတဆင့် မြောက်ဦး၊ ကျောက်တော်မြို့နယ်များသို့ ကူးစက်သွားခဲ့သည်။ ထိုမြို့နယ်များမှထွက်ပြေးလာသော ကုလားများသည် ဘူးသီးတောင်၊မောင်တောမြို့နယ်များသို့ရောက်ရှိလာပြီးယင်းမြို့နယ်ရှိကုလားများနှင့်ပူးပေါင်းကာ ဒေသတွင်းရှိ ရခိုင်လူမျိုးတို့ကိုလက်စားချေပြန်သဖြင့် မောင်တောမြို့နယ်မြစ်အရှေ့ဖက်ခြမ်းဘူးသီးတောင်မြို့နယ်နှင့်ရသေ့တောင်မြို့နယ်ရှိ ရခိုင်ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊သတ်ဖြတ်ခြင်းခံရခြင်းတို့ကြောင့် ရခိုင်များထွက်ပြေးကြရသည်။ ရခိုင်လူမျိုးများအသက်ဆုံးရှုံးရပြီး ရွာပေါင်းများစွာ ပျက်စီးသွားသည်။[2] ယင်းသို့ပျက်စီးသွားခြင်းကြောင့် ယနေ့အထိနာလန်မထူနိုင်ပဲ ဘူးသီးတောင်၊မောင်တောမြို့နယ်များတွင်ရခိုင်ရွာအနည်းငယ်သာကျန်တော့သည်။[3] ထိုအဓိကရုဏ်းကြောင့် ရခိုင်လူမျိုး(၂၀၀၁၀)ခန့်အသက်ဆုံးရှုံးရပြီး ဘူးသီးတောင်၊မောင်တောမှရခိုင်ရွာအားလုံး မီးရှို့ဖျက်ဆီးခံရသည်အပြင် ရသေ့တောင်မြို့နယ်မှ ရခိုင်ရွာအချို့ မီးရှို့ဖျက်ဆီးခံရသည်။[4] စစ်တွေဖက်သို့ပြန်လည်ထွက်ပြေးသူများကို မူဆလင်များကသတ်ဖြတ်နေကြောင်း ကြားသိကြသည့်မောင်တောနယ်မှ ရခိုင်တိုင်းရင်းသားများသည် နောက်ဆုံးတွင် အင်္ဂလိပ်အစိုးရဖက်မှ တာဝန်ခံရခိုင်အရာရှိအကူအညီဖြင့် ဒိန္နာဇပူရ်စစ်ပြေးစခန်းသို့ ထွက်ပြေးခဲ့ရသည်။[5]

ဘူးသီးတောင်၊မောင်တောနယ်တွင် ဒုတိယကမ္ဘာစစ်အတွင်းဘင်္ဂါလီတို့၏ရက်စက်သတ်ဖြတ်မှုကြောင့် သေဆုံးကြရခြင်း၊ထွက်ပြေးကြရခြင်းနှင့်ပတ်သတ်သည့် အသက်ရှင်ကျန်ရစ်သူတို့၏ပြောကြားချက်များအရမွတ်ဆလင်ကုလားတို့၏အစီအစဉ်သည် ၎င်းဒေသအတွင်းအခွင့်အရေးကြုံကြိုက် ရခိုင်တစ်ဦးတစ်ယောက်မှမကျန်ရစ်အောင်အပြတ်ရှင်းရန်စီစဉ်ကြခြင်းပင် ဖြစ်သည်။ မောင်တောနယ်တောင်ပိုင်းတွင် အလယ်သံကျော်၊တပ်တိုးပြင်၊ ဝပ်ချကုန်း၊ရှောက်ကိန်း၊မြို့ချောင်း စသည့်ရွာများသည်မွတ်ဆလင်ဒဏ်ကိုအကြီးအကျယ်ခံရကြောင်းသိရှိရသည်။ ထိုရွာများမှရွာသားများသည် ဒိန္နာဇပူရ်စစ်ပြေးစခန်းသို့ တစ်ဦးမှရောက်ရှိခြင်းမရှိခဲ့ချေ။[6] ရခိုင်တိုင်းရင်းသားများကအိန္ဒိယဘက်သို့ထွက်ပြေးကြသော်လည်း မွတ်ဆလင်ကုလားများမှာထွက်ပြေးသွားခြင်းမရှိဘဲ ရခိုင်တို့ပိုင်ဆိုင်ခဲ့သည့်လယ်မြေများ၊ကျွဲနွားများကို ဝင်ရောက်သိမ်းပိုက်လုပ်ကိုင်ကြသည်။ ထိုအချိန်တွင်မောင်တောမြို့တွင်ကျန်ရစ်သောမွတ်ဆလင်များက ငြိမ်းချမ်းရေးအဖွဲ့ (Peace comittee)ဖွဲ့စည်းကာ အုံမော်များကဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီးစီမံအုပ်ချုပ်ခဲ့သည်။[7] ၁၉၄၂ခုနှစ် အောက်တိုဘာလတွင် ဂျပန်တို့ရောက်လာသည့်အချိန်တွင် (Peace committee )ကိုဘာသာရေးအသင်းအဖြစ် အသွင်ပြောင်းကာဂျမေတုအူလမာအသင်းအမည်ဖြင့် စတင်လှုပ်ရှားခဲ့သည်။

---

၁ ရခိုင်ပြည်နယ်နှင့်ရိုဟင်ဂျာအမည်ခံဘင်္ဂါလီများပြဿနာ၊စာ၃၃

၂ D1313 ၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု၊

၃ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊ဒုတိယတွဲ၊စာ၃၆-၃၇

၄ ရသေ့တောင်မြို့နယ်သမိုင်းဖြစ်စဉ်မှတ်တမ်း၊မြို့နယ်သမိုင်းဖြစ်စဉ်မှတ်တမ်းပြုစုရေးအဖွဲ့၊ရသေ့တောင်၊၁၉၈၁၊စာ ၂၂

၅ ရခိုင်-ကုလားအဓိကရုဏ်းကိုယ်တွေ့မှတ်စုစာ ၁

၆ ရခိုင်-ကုလားအဓိကရုဏ်းကိုယ်တွေ့မှတ်စုစာ ၅

၇ D1318 ၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု၊

အိန္ဒိယနိုင်ငံရှိဗြိတိသျှတို့အနေဖြင့် ဂျပန်ကိုပြန်လည်တိုက်ခိုက်နိုင်ရန်အတွက် V.Force ဟုခေါ်သော အပျော်တမ်းတပ်ဖွဲ့ကို ၁၉၄၂ ခုနှစ်တွင်ဖွဲ့စည်းခဲ့သည်။တပ်ဖွဲ့ဝင်များသည် ဘင်္ဂါလီကုလားများဖြစ်ပြီးငင်းတို့၏ အဓိကတာဝန်မှာဂျပန်တို့အားပြောက်ကျားစစ်ဆင်ရေးနှင့် တိုက်ခိုက်ရန်၊ရန်သူ့လှုပ်ရှားမှုများကိုသတင်းရယူဆောင်ရန်နှင့်စကားပြန်များအဖြစ်ဆောင်ရွက်ရန် ဖြစ်သည်။[၁] သို့သော်ဂျပန်တို့အရေးနိမ့်၍ ဗြိတိသျှတပ်များပြန်လည် ဝင်ရောက်လာသည့်အခါ လိုက်ပါလာသည့် ဘင်္ဂါလီစစ်သည်များအနေဖြင့် ဂျပန်ကိုတိုက်ခိုက်ရမည့်အစားရခိုင် တို့ကိုလက်စားချေတိုက်ခိုက်မှုများပြုလုပ်လာသည်။

စစ်အတွင်း ဗြိတိသျှအစိုးရ၏ အစီရင်ခံစာတွင်-

ရသေ့တောင်ဒေသရှိ ရခိုင်ကျေးရွာများတွင် ဆိုးရွားပြင်းထန်သောဖြစ်ရပ်များနှင့် ၎င်းတို့ခံစားရသော ပျက်စီးဆုံးရှုံးမှုများအကြောင်းကြားသိရသည်။မေယုမြစ်အနောက်ဘက်ကမ်းရှိကျေးရွာအများစုမှာ စစ်တကောင်းအပျော်တမ်းတပ်ဖွဲ့၏ မီးရှို့ခြင်းနှင့်ဖျက်ဆီးခြင်းကိုခံခဲ့ရသည်။---၎င်းတို့သည်ဘိုးဘွားပိုင် မြေများမှ နှင်ထုတ်ခံရသော ရခိုင်လူမျိုးများဖြစ်ပြီး ၎င်းတို့အားကယ်ဆယ်ရန်အတွက် လျော်လင့်ချက် မရှိကြောင်း

ရေးသားထားသည်။[၂]

ရခိုင်တို့က မွတ်ဆလင်ရန်ကြောင့်စစ်ပြေးစခန်းသို့ထွက်ပြေးခဲ့ရသော်လည်း မွတ်ဆလင်ကုလားအများစု မှာကျန်နေခဲ့သဖြင့်ရခိုင်ရွာများတွင်ဝင်ရောက်နေထိုင်ခြင်း၊ရခိုင်တိုင်းရင်းသားများပိုင်လယ်များကို ဝင်ရောက်လုပ် ကိုင်ခြင်းတို့ဖြင့် နေရာရယူထားပြီးဖြစ်သည်။ တစ်ဖက်နိုင်ငံသို့ စစ်အတွင်းထွက်ပြေးခိုလှုံခဲ့သည့်ရခိုင်များသည် မိမိနေရပ်သို့ပြန်လာသည့်အခါ အိုးအိမ်များမီးလောင်ပျက်စီးဆုံးရှုံးနေခြင်း၊ မွတ်ဆလင်များကရွာတည်၍နေထိုင် ခြင်းတို့ကြောင့် အခြားမြို့များသို့သွားရောက်နေထိုင်ကြရသည်။ ပြန်လည်ထူထောင်သောကျေးရွာများမှာမြောက် ပိုင်းတွင် အသင့်အတင့်ပေါ်လာသော်လည်း တောင်ပိုင်းဒေသတွင်ရွာလုံးကျွတ် သေကြေပျက်စီးမှုကြောင့်လည်း ပြန်လည်လူမထောင်နိုင်ခြင်း ပရှိတော့သည်ကို တွေ့ရသည်။[၃]

အင်္ဂလိပ်အစိုးရကရခိုင်ရွာပြန်လည်ထူထောင်ရေးပြုလုပ်သော်လည်း မွတ်ဆလင်ကုလားများကမလိုလား ခြင်း၊လူအင်အားကွာခြားခြင်း၊မူဂျာဟစ်များကခြိမ်းခြောက်ခြင်းကြောင့်ရခိုင်တို့မကြာခဏထွက်ပြေးနေကြရသဖြင့် ရွာတည်၍မနေနိုင်တော့သည့်အခြေအနေသို့ရောက်ရှိခဲ့ရသည်။၁၉၄၆ခုနှစ်တွင်ပြန်ဝင်လာသောမွတ်ဆလင်များသည် ဘူးသီးတောင်မြို့နှင့် နီးကပ်သောကကျာဘက်ကဲကြီးပြင်၊မောင်နီရွာအလယ်ချောင်းစသောရွာများပင်လျှင်အိမ်ခြေ (၃၀)ထက်မကျော်သေးချေ။ထိုရွာများတွင် ၁၉၄၈ခုနှစ်က မွတ်ဆလင်လူဦးရေ တစ်သိန်းနှစ်သောင်းကျော်လာရော မည်သို့ဝင်လာသည်ကို စဉ်းစားနိုင်ပေသည်။ရပ်ရွာသားများမှာ ရခိုင်မရှိဘဲ မွတ်ဆလင်သက်သက်ဖြစ်ပြီးသူကြီး မှာလည်း မွတ်ဆလင်သူကြီးဖြစ်နေပြန်ရာ စစ်တကောင်းနယ်မှမွတ်ဆလင်များ စိတ်ကြိုက်ဝင်ထွက်နိုင်လာခြင်း ဖြစ်သည်။[၄] ဘူးသီးတောင်၊မောင်တောနယ်များတွင် စစ်အတွင်းက ထွက်ပြေးသွားသော ရခိုင်ရွာများအားလုံးကို

---

၁ Irwin.Anthony, Burmese Outpost,London,Collins,P-7-8,16

၂ London India Office Record,R/8/9GS,4243

၃ London India Office Record,R/8/9GS,4243 p-6

၄ ဦးခင်မျိုးအောင် ဂိုယ်ဘွေ့နေမှုနှင့်ရိုဟင်ဂျာ(လက်နှိပ်စက်မူ) စာ၉၉-၁၀၀

စစ်အပြီးတွင်စစ်တကောင်းနယ်မှ မွတ်ဆလင်အများအပြား ဝင်ရောက်နေရာယူလာကြသည်။

(င) မွတ်ဆလင်ပါတီဖွဲ့စည်းခြင်းနှင့် သီးခြားပြည်နယ်တည်ထောင်ရန် စတင်လာခြင်း

ဒုတိယကမ္ဘာစစ်မတိုင်မီကပင်အိန္ဒိယနိုင်ငံရှိမွတ်ဆလင်များက သီးခြားမွတ်ဆလင်နိုင်ငံထူထောင်ပေးရန် ဗြိတိသျှအစိုးရထံတောင်းဆိုလှုပ်ရှားလာသည်။မွတ်ဆလင်အများစုရှိသော အိန္ဒိယအနောက်ဘက်ဒေသနှင့်အိန္ဒိယ အရှေ့ဘက်ဘင်္ဂလားပြည်နယ်ဒေသများကို ပါကစ္စတန်နိုင်ငံအဖြစ်ထူထောင်ပေးရန် တောင်းဆိုခဲ့ကြသည်။ ဤ တောင်းဆိုလှုပ်ရှားမှုသည် မောင်တောဘူးသီးတောင်မြို့နယ်များရှိ စစ်တကောင်းသားတို့က အသစ်ဖြစ်ပေါ်လာ သောပါကစ္စတန်နှင့်ပေါင်းရန်စိတ်ကူးကြသည်။အကျိုးသဖြင့်မွတ်ဆလင်ပညာတတ်များကကြိုးစားလာခြင်းဖြစ်သည်။ ထို့ကြောင့်၁၉၄၂ခုနှစ်ကရာချီမြို့တွင်ကျင်းပသောအစ္စလာမ်ညီလာခံ၌ ပါကစ္စတန်နှင့်ပေါင်းစည်းရေးအဆိုတစ်ရပ် တင်သွင်းခဲ့သည်ဟု သိရသည်။ဘူးသီးတောင်မောင်တောဒေသတောင်ပိုင်း၌ မွတ်ဆလင်ဦးရေများသည့်အတွက် ပါကစ္စတန်နယ်အတွင်း ထည့်သွင်းသတ်မှတ်ပေးရေးကို ဗြိတိသျှအစိုးရထံ အသနားခံရန်ကြိုးစားခဲ့ကြသည်ဟု ဆိုသည်။[၁]

စစ်အတွင်း ၁၉၄၆တွင် Jami-a-tul Ulema-e Islam အဖွဲ့ပေါ်ပေါက်လာရာ ၎င်းပါတီက ၁၉၄၇ခုနှစ် တွင်ကရာချီသို့သွားကာ ပါကစ္စတန်လွတ်မြောက်ရေးလှုပ်ရှားနေသော မွတ်ဆလင်ခေါင်းဆောင်ဂျင်းနားနှင့်တွေ့ ဆုံပြီး ဘူးသီးတောင်မောင်တောဒေသတို့ကို ပါကစ္စတန်နိုင်ငံနှင့်ပူးပေါင်းခွင့်ပြုရန်တောင်းဆိုခဲ့သည်။[၂] ထိုသို့ဆွေးနွေးရာတွင် ရခိုင်မြောက်ပိုင်းဒေသကို တိုက်ရိုက်ပြီးပါကစ္စတန်ထဲသို့သွတ်သွင်းရန်သို့မဟုတ်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအဖြစ် ရရှိအောင်ဗိုလ်ချုပ်အောင်ဆန်းအားတိုက်တွန်းပေးရန်ဖြစ်သည်။သို့သော်ဗိုလ်ချုပ်အောင် ဆန်းအိန္ဒိယသို့အသွားတွင် မွတ်ဆလင်ခေါင်းဆောင် မစ္စတာဂျင်းနားနှင့်တွေ့ဆုံခဲ့ရာဂျင်းနားကဘူးသီးတောင်နှင့် မောင်တောဒေသမှ မွတ်ဆလင်များက ပါကစ္စတန်ထဲသို့ ပူးပေါင်းရန်တောင်းဆိုမှုကို မိမိကိုယ်တိုင်မထောက်ခံ ကြောင်း ပြောကြားခဲ့သည်။

မွတ်ဆလင်ခေါင်းဆောင် ဂျင်းနားက-

ရခိုင်ပြည်မောင်းတောနှင့်ဘူးသီးတောင်နယ်များကို ဘင်္ဂလားပြည်ထဲသို့သွတ်သွင်းပေးရန်စစ်တကောင်း မွတ်ဆလင်အချို့ကတောင်းဆိုချက်နှင့်ပတ်သက်၍ ဤသို့လုံးဝမဖြစ်စေရပါဟု ပြောရင်းဗမာပြည်သာမက မည်သည့်အခြားနယ်ပယ်ကိုမှ သိမ်းပိုက်ရန်သို့မဟုတ် တောင်းယူရန် မွတ်ဆလင်လိဂ်၌ ရည်ရွယ်ချက်မရှိ ကြောင်း၊ထိုကဲ့သို့ ဘင်္ဂလားပြည်အရှေ့ပိုင်းမှလက်တဆုပ်မျှလောက်သောမွတ်ဆလင်လူမျိုးအချို့၏တောင်း ဆိုချက်သည်မှာလည်း အဓိပ္ပာယ်မရှိကြောင်း

သေချာပြတ်သားစွာပြောကြားခဲ့သည်။[၃]

---

၁ စစ်ကြိုမြောက်ရခိုင်ပြည်နယ်မှ မွတ်ဆလင်နီးပါးသည် ရခိုင်တန်ဆောင်နှစ်လည်မဂ္ဂဇင်း၊၁၉၇၉-၆၀၊စာ-၉၉

၂ Dr.Mohammed Yunus,A History of Arakan ;Past &Present, Mangenta Color Press Chittagong. 1994,P-123

၃ ဦးမြကလေး၊ငါတို့ဗိုလ်ချုပ်အာဇာနည်(တတိယတွဲ)(ပုံနှိပ်တိုက်မပါ)ရန်ကုန်၊၁၉၄၈၊စာ၃၄-၅၅

၁၉၄၇ခုနှစ်ဇွန်လ၌ပါကီးမှာပင် ဘူးသီးတောင်မြို့နယ် ဓေတ်တောင်ကျေးရွာမှသူကြီးဟောင်း ဘူလ်တင်မေါ ည် မိုဟာမက်က ဦးဆောင်၍မွတ်ဆလင်လူငယ်များကို လျှို့ဝှက်စွာစည်းရုံးပြီး မူဂျာဟစ်ပါတီကို ဖွဲ့စည်းကာ လက်နက်များကိုလျှို့ဝှက်ထားရှိခဲ့သည်။ထိုသို့ဖွဲ့စည်းစဉ်က ရခိုင်တို့ကိုအကာအကွယ်ပေးရန် ဖွဲ့စည်းထားသော ထွန်းအောင်ဖြူအဖွဲ့နှင့် မူဂျာဟစ်တို့ပူးတွဲကာ သပြေချောင်းကျေးရွာတွင် လူယာအစည်းအဝေး ကျင်းပပြီး အဖွဲ့ အမည်ကို မူဂျာဟစ်ပါတီဟုခေါ်တွင်ရန် ဆုံးဖြတ်ခဲ့ပြီးထွန်းအောင်ဖြူအား နာယကအဖြစ်တင်မြှောက်ကြသည်။ ထွန်းအောင်ဖြူသည် ကွန်မြူနစ်ပါတီနှင့်ဆက်စပ်သူဖြစ်ရာမူဂျာဟစ်အဖွဲ့ကို ကွန်မြူနစ်စခန်းသို့ခေါ်ဆောင်သွား ခဲ့သည်။ကွန်မြူနစ်တို့ကဖဆပလအစိုးရပြုတ်ကျလျှင် ရခိုင်ပြည်နှစ်ပိုင်းပိုင်းလိမ့်မည်။နတ်မြစ်အရှေ့ဖက်မှကုလား တန်မြစ်အနောက်ဘက်အတွင်းရှိနယ်မြေအပိုင်းကို ရိုဟင်ဂျာပြည်နယ်အဖြစ် သတ်မှတ်ပေးလျက် ကျန်အပိုင်းကို ရခိုင်လူမျိုးများ အုပ်ချုပ်လိမ့်မည်ဟုပြောဆိုခဲ့ကြောင်း သိရှိရသည်။[၁]

မူဂျာဟစ်ဟူသောစကား၏အဓိပ္ပာယ်မှာ "မိမိတိုင်းပြည်နှင့်ဘာသာရေးအခွင့်အရေးကို တိုက်ခိုက်သော သူ"ဟုဆိုလိုသည်။သို့သော် ၁၉၄၇ခုနှစ် Jami-a-tul Ulema-e အသင်းမှခေါင်းဆောင်ပြီး တာန်းစီလှည့်လည်ရာ တွင် ပါကစ္စတန်အစွန့်ရှည်ပါစေဟုကြွေးကြော်ခဲ့ကြသည်။၎င်းအဖွဲ့သည်၁၉၄၂ခုနှစ်က ရခိုင်နှင့်အခြားတိုင်းရင်း သားလူမျိုးများ ထွက်ပြေးသွား၍ကျန်နေသောလယ်ယာမြေများကို ဘင်္ဂါလီများအား သီးစားချထားပေးခဲ့ရာမှရရှိ လာသော သီးစားငွေများကို အများအပြားစုဆောင်းသိမ်းဆည်းထားနိုင်ခဲ့သည်ဟု သိရသည်။ထို့အပြင်အစိုးရ အမှုထမ်းများနှင့်ပူးပေါင်းပြီး အုရဒူအာရဘီစာသင်ကျောင်းများ ရန်ပုံငွေဟုအမည်ခံကာ ငွေကြေးများကောက်ခံ ခဲ့သည်။၎င်းငွေကြေးများသည် မြေအောက်မူဂျာဟစ်များ၏လက်နက်ခဲယမ်းမီးကျောက်နှင့် ရိက္ခာဝယ်ရန်အတွက် ရန်ပုံငွေဖြစ်လာသည်။[၂]

စစ်ပြီးခေတ် စစ်တကောင်းနယ်သားတို့၏ဝါဒသည် နတ်မြစ်တစ်ဖက်ကမ်းရှိ မယူတောင်တန်းဒေသ နှင့် ကုလားပန်းဇင်း (မေယု) မြစ်ဝှမ်းဒေသတို့ကို နယ်သစ်အဖြစ်ဖြင့် အခြေစိုက်ရန်ဟူသော ဝါဒဖြစ်သည်။ ဂျမေတူအုလမားအဖွဲ့က ၂၄-၂-၄၇ ရက်စွဲဖြင့် ဘော်တွန်မလေယံ စာရေးသားတောင်းဆိုရာတွင် မြောက်ပိုင်း ရခိုင်ဒေသဖြစ်သော ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ် မေယုမြစ်အနောက်ဘက်မြစ်နယ်များ တွင်မွတ်ဆလင် ၉၀% ရှိပြီး ခရိယာစတုရန်းမိုင် ၃၀၀၀၊လူဦးရေသုံးသိန်းခန့်နေထိုင်ကြောင်း၊၎င်းမွတ်ဆလင် များသည် အေဒီ ၇၈၈ က ပထမဆုံးရခိုင်တွင်အခြေချခဲ့ရာ ထိုအချိန်ကစ၍ ရခိုင်တို့ယဉ်ကျေးမှုတိုးတက်လာ ကြောင်း၊မွတ်ဆလင်နှင့် ရခိုင်တို့ဆက်ဆံရေးသည် ပထမဦးစွာ ၁၇၁၀ ခုနှစ်တွင် စတင်ပျက်ပြားခဲ့ပြီး ၁၈၂၆ ခုနှစ်တွင် ဒုတိယအကြိမ်ပျက်ပြားခဲ့ကြောင်း၊ ၁၉၄၂ ခုနှစ်တွင် တတိယအကြိမ်ဆက်ဆံရေးပျက်ပြားခဲ့ရာ ထို အကြိမ်တွင် မွတ်ဆလင်(၄၀၀၀၀)ကျော် အသတ်ခံရကြောင်း၊ အင်္ဂလိပ်အစိုးရ၏အုပ်ချုပ်မှု ရပ်ဆိုင်းသွားသည် ဒုတိယကမ္ဘာစစ်ကာလတွင် ငြိမ်းချမ်းရေးကော်မတီက ရပ်ရွာအခြေအနေကိုအောင်မြင်စွာ အုပ်ချုပ်နိုင်ခဲ့ခြင်းဖြင့် ၎င်းတို့အရည်အချင်းကိုပြသနိုင်ခဲ့ကြောင်း၊မဟာမိတ်များပြန်လည်ဝင်ရောက်လာသည့်အခါ ငြိမ်းချမ်းရေးကောင်စီ ကိုချီးကျူးကြောင်း၊၎င်းအင်္ဂလိပ်အုပ်ချုပ်ရေးအဖွဲ့က Autonomous Muslim State ပေးမည်ဟုကတိပြုခဲ့ကြောင်း၊

---

၁ သမိုင်းသုတေသနဦးစီးဌာန မော်ကွန်းဌာနမှ D 264

၂ မောင်တော်မြို့နယ်ဖြစ်စဉ်သမိုင်း၊ စာ ၇၇

ထို့ကြောင့် ၎င်းတို့သည် Indo-Burmar Frontier တွင်ရှိသဖြင့်ပင်လုံညီလာခံတွင် Frontier ရပိုင်ခွင့်ကို တင်ပြ တောင်းခွင့်ပြုလိုကြောင်း တောင်းဆိုခဲ့ကြသည်။[၁] အဆိုပါတောင်းဆိုမှုအပေါ် အင်္ဂလိပ်တို့အမြင်မှာ

ဘူးသီးတောင်၊မောင်တောရသေ့တောင်မြို့နယ်၏မေယုမြစ်အနောက်ဘက်ကမ်းဒေသတို့ကို မြန်မာနိုင်ငံ သစ်ထူထောင်သည့်အခါမွတ်ဆလင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် Military Administrator of North Arakan က ကတိပေးခဲ့သည်ဆိုသည့်အချက်ကို ကျွန်ုပ်တို့သတင်းမရချေ။မြန်မာနိုင်ငံတွင် သီးခြားမွတ်ဆလင်ပြည်နယ် တစ်ခုတည်ထောင်ပေးရန်ရည်ရွယ်ခြင်းသည် လက်တွေ့မကျချေ။ ဘာသာရေးတစ်ခုတည်းဖြင့်တိုင်းရင်းသားဖြစ် မလာနိုင်သကဲ့သို့ မြန်မာနိုင်ငံမှာရောကမ္ဘာမှာပါ အစဉ်အလာမရှိချေ။

မြန်မာနိုင်ငံတွင် အခြား State များမှာသမိုင်းကြောင်းအရ မြန်မာဘုရင်များခေတ်တွင် သီးခြား State များဖြစ်ခဲ့ပြီးမြန်မာတို့သိမ်းပိုက်အုပ်ချုပ်မှုအောက်တွင်နေခဲ့ကြောင်း ရခိုင်တွင်ရှိသည့်မွတ်ဆလင်များသည် ရခိုင် (သို့မဟုတ်)မြန်မာလက်အောက်တွင်အမြဲတမ်းနေထိုင်ခဲ့ပြီး Stateအဖြစ်ဖွဲ့စည်းနေထိုင်ခဲ့ခြင်းရှိသူများမဟုတ်ကြောင်း၊ နယ်မြေအနေဖြင့်ကြည့်လျှင်လည်း ၎င်းတို့သည် မြန်မာနိုင်ငံတွင် အမြဲတမ်းပါဝင်ပြီးမြန်မာတို့လက်အောက်တွင် နေခဲ့ရကြောင်း၊၎င်းတို့ကိုယ်တိုင်အချုပ်အခြာအာဏာပိုင်အဖြစ် တောင်းဆိုခဲ့ဘူးခြင်းလည်းမရှိဖူးသဖြင့် ယခုအခါ သီးခြား State တောင်းခြင်းသည် ခိုင်မာသည့်အကြောင်းပြချက် မရှိကြောင်း၊၎င်းတို့အနေဖြင့်နိုင်ငံသားတောင်းခံ ရန်သာသင့်ကြောင်း၊ဘာသာရေးတစ်ခုတည်းကိုအခြေခံပြီးသီးခြား State တောင်းနိုင်သည့်အခွင့်အရေးမရှိကြောင်း၊ မြန်မာနိုင်ငံထဲသို့ဝင်ရောက်နေထိုင်သူဖြစ်သဖြင့် လွတ်လပ်သော State လုပ်ပိုင်ခွင့်မရှိကြောင်း၊၎င်းအတွေးအခေါ် သည်ဂျင်းနားမှစတင်လာခြင်းဖြစ်ကြောင်း၊တူရာမျိုးတူစုများပေါင်းကာ ပြည်နယ်ထူထောင်လိုသည့်ပုံစံမျိုး ရခိုင် တွင်ဆောင်ရွက်လျှင် အုပ်ချုပ်ရေး၌ အကြီးအကျယ်ရှုပ်ထွေးနိုင်ကြောင်း၊--- မွတ်ဆလင်ဒေသတစ်ခုဖန်တီးရန် ‌တောင်းဆိုခြင်းမပြုဘဲ ဥပဒေပြုလွှတ်တော်တွင်ပါဝင်ကာ၎င်းတို့အနာဂတ်ကိုလှုပ်အောင်ဆောင်ရွက်နိုင်ကြောင်း" မှတ်ချက်ပြုခဲ့သည်။[၂]

ဗြိတိသျှတို့အနေဖြင့်တစ်ဖက်တွင် မွတ်ဆလင်တို့၏တောင်းဆိုချက်များကြောင်း ပြောကြားသော်လည်း တစ်ဖက်တွင် မည်သို့ဆက်လက်လုပ်သင့်သည်ကို လမ်းကြောင်းပေးထားသည့်အချက်များပါသည်ကိုတွေ့ရသည်။ နိုင်ငံတစ်ခု၊ ပြည်နယ်တစ်ခုထူထောင်ရန်အတွက် မည်သည့်အချက်အလက်များလိုအပ်ကြောင်း၊ မည်သည့်လမ်း ကြောင်းမှဆောင်ရွက်လျှင် အခွင့်အရေးရနိုင်ကြောင်းလမ်းပြထားခြင်းကိုတွေ့ရှိရသည်။နောင်အခါထိုလမ်းကြောင်း အတိုင်းမွတ်ဆလင်အဖွဲ့ကဆောင်ရွက်လာသည်ကိုတွေ့ရသည်။၁၉၄၇ခုနှစ်မေလ၁၅ရက်နေ့က လူဝင်မှုကြီးကြပ် ရေး၌၁နှမှ တင်ပြသည့်စာတွင် ၎င်းဒေသရှိ မွတ်ဆလင်များသည် မောင်တောဘူးသီးတောင်နယ်ကို frontier area သတ်မှတ်ပေးရန်တောင်းဆိုချက်ကို ကိုင်စွဲနေဆဲဖြစ်ကြောင်း၊အရှေ့ပါကစ္စတန်ဧရိယာတွင်ပါဝင်ရန်တောင်း ဆိုဆဲဖြစ်ကြောင်းပါရှိသည်ကို တွေ့ရသည်။[၃]

---

[၁] series 10/1, Acc.No. 641,NAD

[၂] series 10/1, Acc.No. 641,NAD

[၃] series 10/1, Acc.No. 641,NAD

သို့သော် မြန်မာနိုင်ငံလွတ်လပ်ရေးရတော့မည်ဟုသတင်းပြန့်နှံ့လာသောအခါ ဘင်္ဂါလီများသည်အချင်းချင်း ပူးပေါင်း၍ပိုမိုလှုပ်ရှားမှုပြုလုပ်လာသည်။ သီးခြားမွတ်ဆလင်ပြည်နယ်ရရှိရန်ဟူသောမျှော်လင့်ချက်ပြည့်မီ မြန်မာနိုင်ငံလွတ်လပ်ရေးရမည်ဖြစ်ရာ အားထားမှီခိုရမည့်သူကင်းမဲ့တော့မည်ဟုယူဆကာ အထူးစိုးရိမ်ခဲ့ကြသည်။ ဤတွင် မူဂျာဟစ်လှုပ်ရှားမှုကိုဆောင်ရွက်ခဲ့သည့် ကာဆင်သည်ဒက္ကာမြို့မှနေ၍မြန်မာနိုင်ငံအစိုးရအား ဆန့်ကျင် ဝါဒဖြန့်မှုပြုလုပ်ခြင်း၊ သတင်းစာအသီးသီးတွင်လှုံ့ဆော်ဝါဒဖြန့်ခြင်းများ ပြုလုပ်လာခြင်းဖြင့် မူဂျာဟစ်လှုပ်ရှားမှုသည် တဖြည်းဖြည်းကြီးထွားလာခဲ့သည်။[၁]

(ခ)လွတ်လပ်ရေးရပြီးနောက် ရခိုင်ပြည်နယ်ရှိမွတ်ဆလင်တို့အခြေအနေ

၁၉၄၈ခုနှစ်ဇန်နဝါရီလ(၄)ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ရာနိုင်ငံတော်အားဖဆပလအစိုးရ ကအုပ်ချုပ်ခဲ့သည်။ ရခိုင်တွင် (ရတည)အဖွဲ့ကရခိုင်ပြည်နယ်ရရှိရေးကိုအကြောင်းပြု၍ စည်းရုံးလှုပ်ရှားနေသည်။ လွတ်လပ်ရေးမရမီကပင် ဖွဲ့စည်းခဲ့သောမူဂျာဟစ်အဖွဲ့သည် လွတ်လပ်ရေးရပြီးနောက်အင်အားတောင့်တင်းလာခဲ့ သည်။ ၁၉၄၈ စက်တင်ဘာ(၁၀)ရက်နေ့တွင်ဘူးသီးတောင်နှင့် (၃)မိုင်ခန့်ကွာသည့်ဆင်အိုးပြင်ရွာတွင် မူဂျာဟစ် တို့စတင်စခန်းချခဲ့ပြီး "ပါကစ္စတန်ဂျိန္ဒာဗတ်"(ပါကစ္စတန်အစွန့်ရှည်ပါစေ) ဟူသောကြွေးကြော်သံကို ကုလားလို မပြတ်ကြွေးကြော်ခဲ့ကြသည်။

၁၉၄၈တွင် မွတ်ဆလင်လွတ်မြောက်ရေးအဖွဲ့ညီလာခံကို မောင်းတောမြို့နယ်၊ ဂရချင်ရွာတွင်ကျင်းပရာ အဖွဲ့အမည်ကို မူဂျာဟစ်ပါတီဟု တရားဝင်ပြောင်းလဲဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။[၂] အဖွဲ့၏စစ်ရေးခေါင်းဆောင် မှာ Jaffar Kawal ဖြစ်ပြီးလက်ထောက်မှာ ဟုစိန်ဖြစ်သည်။ ၎င်းတို့၏တောင်းဆိုချက်ထဲတွင်–

- ကုလားတန်မြစ်အနောက်ဘက်ကမ်းနှင့် နတ်မြစ်အရှေ့ဘက်ကမ်းကြားဒေသကို မွတ်ဆလင် တို့၏ National Home အဖြစ်သတ်မှတ်ပေးရန်၊
- ရခိုင်ရှိမွတ်ဆလင်များကိုတိုင်းရင်းသားစာရင်းထဲ ထည့်သွင်းပေးရန်၊

စသည့်အချက်များပါဝင်သည်။[၃]

များမကြာမီမူဂျာဟစ်အဖွဲ့တွင်ကာဆင်ဆိုသူမှာနာမည်ကြီးလာခဲ့သည်။ ကာဆင်သည်မောင်တောမြို့နယ် တောင်ပိုင်း၊ သဘော်ကျေးရွာနေဦးအက္ကဘာဝုဒိန်နှင့်ဒေါ်နူရှတို့မှ ၁၉၁၉ခုနှစ်လောက်တွင်မွေးဖွားပြီးသားချင်း(၄)ဦး ရှိသည်။[၄] မူဂျာဟစ်ပါတီထဲမဝင်ရောက်မီကပက်လိပ်ရွာနေဦးကျော်မြနှင့်ဦးဂမ်ချေတို့ထံတွင်သူရင်းငှားအဖြစ်လုပ် ကိုင်ခဲ့သည်။ ထို့နောက်ပင်လယ်ဓါးပြမှုဖြင့် ထောင်ကျခဲ့သည်။[၅] ၁၉၄၈ခုနှစ် လွတ်လပ်ရေးနေ့ကြောင့်လွတ်ငြိမ်း ချမ်းသာခွင့်ဖြင့် ထောင်မှလွတ်လာရာနေရပ်သို့မပြန်ဘဲ ဦးစိန္တာ၏ရခိုင်ပြည်လွတ်မြောက်ရေးပါတီတွင်တပ်သား အဖြစ်ဝင်ရောက်သည်။[၆] ဦးပညာသီဟထံတွင်လည်းတပည့်ခံခဲ့သည်ဟုသိရသည်။ ဦးစိန္တာထံမှလက်နက်သုံးလက်

---

၁ မောင်ထင်၊ ရခိုင်ပြည်နယ်အစိုးရခင်းကျင်းပြသော ဝေါ်မွေ့ခင်း အတွဲ(က)၊ အမှတ်(၉)၊ ၁၉၆၀၊ စာ ၁၅

၂ DR491(56).HRC

၃ Aye Chan, The Development of Muslim Enclave in Arakan(Rakhine), State of Burma(Myanmar), p-19

၄ မောင်တောမြို့နယ်ဖြစ်စဉ်သမိုင်း၊ စာ ၇၄

၅ ဘူးသီးတောင်မြို့နယ်သမိုင်း၊

၆ မောင်တောမြို့နယ်ဖြစ်စဉ်သမိုင်း၊ စာ ၇၄

နိုးယူကာ ဘူးသီးတောင်၊မောင်တောနယ်သို့ပြန်လာပြီး Jaffar Kawal ထံသို့ဝင်ရောက်ကာမှုဂျာဟစ်ပါတီတွင် လှုပ်ရှားခဲ့သည်။၎င်းပူးပေါင်းခဲ့သော အဖွဲ့ခေါင်းဆောင်များကို ဖြို့ခွင်းကာအင်အားကောင်းလာခဲ့သည်။[၁]

၁၉၅၁ခုနှစ် ဇွန်လတွင် မောင်တောမြို့နယ်၊အလယ်သံကျော်ရွာမူလတန်းကျောင်း(ယခုတွဲဘက်အထက်တန်းကျောင်း)(အချို့ကဗလိရွေ့တွင်ကျင်းပခြင်းဖြစ်သည်ဟုဆိုသည်။)[၂] ဒေသအရပ်ရပ်ကိုယ်စားလှယ်များပါဝင်သော မွတ်ဆလင်ညီလာခံကို ကျင်းပခဲ့သည်။ထိုညီလာခံသို့ပါလီမန်အမတ်များဖြစ်သောစုလတန်မာမွတ်ဦးဖိုးခိုင်(မွတ်ဆလင်)၊ဒေါ်မြညွန့်တို့ တက်ရောက်ကြသည်ဟုဆိုသည်။ပါလီမန်အမတ်များအနေဖြင့် အာဏာရယူထားခြင်းနှင့် အတူဘာသာရေးလမ်းညွှန်ချက်ဖြင့်ဆောင်ရွက်နေခြင်းကိုလည်းထင်ရှားစေခဲ့သည်။[၃] ၎င်းအစည်းအဝေးကတောင်းဆိုချက်(၁၄)ချက်ကို အင်္ဂလိပ်ဘာသာဖြင့်အစိုးရသို့အိတ်ဖွင့်ပေးစာအဖြစ် ရေးသားတင်ပြခဲ့သည်။၎င်းစာ၏အဖွင့်တွင်"အမျိုးပြုတ်အောင်သတ်ဖြတ်ခြင်းကိုရပ်တန့်လော့၊ရခိုင်တိုင်းတွင် မွတ်ဆလင်များသာလျှင်ကွန်မြူနစ်ဝါဒနှင့် ဒီမိုကရေစီဝါဒလွန်ဆွဲပွဲကြီးတွင် ကြိုကြားခံနေသူများဖြစ်သည်။ဖွဲ့စည်းပုံဥပဒေအရရခိုင်မွတ်ဆလင်များ၏တောင်းဆိုချက်များ "ဟုရေးသားထားသည်။၎င်းတို့၏တောင်းဆိုသည့်အချက်များတွင်–

- ရခိုင်မြောက်ပိုင်းကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိရှမ်းပြည်နယ်၊ကရင်ပြည်နယ်၊ချင်းတောင်တန်းများ၊ကချင်ဒေသများနည်းတူ လွတ်လပ်သောမွတ်ဆလင်ပြည်နယ်အဖြစ် အမြန်ဆုံးဖွဲ့စည်းပေးရန်၊ယင်းပြည်နယ်တွင် ပြည်ထောင်စုအစိုးရကွပ်ကဲမှုဖြင့် ပြည်နယ်စစ်တပ်၊ပြည်နယ်ရဲတပ်ဖွဲ့၊ပြည်နယ်လုံခြုံရေးအဖွဲ့များထားရှိရန်။
- စစ်တွေမြို့ကို ရခိုင်ပြည်နယ်တောင်ပိုင်း၊မြောက်ပိုင်းမြို့တော်ဟု သတ်မှတ်ကာ မြို့နှင့်ဆိပ်ကမ်းကွပ်ကဲမှုကိုရခိုင်နှင့်မွတ်ဆလင်(၅၀)ရာခိုင်နှုန်းစီ စီမံခန့်ခွဲအုပ်ချုပ်ခွင့်ပြုရန်နှင့်ပထမဆုံးမြို့တော်ဝန်နှင့်တိုင်းမင်းကြီးကို မွတ်ဆလင်လူမျိုးမှခန့်ထားရန်၊
- လက်နက်ကိုင်တပ်ဖွဲ့ခွဲစည်းပေးရန်၊ထိုတပ်ဖွဲ့တွင်မွတ်ဆလင် ၅၀ရာခိုင်နှုန်းပါဝင်ရန်၊
- ဗဟိုအစိုးရအဖွဲ့တွင်မှ ဝန်ကြီးခန့်ထားရန်၊
- တိုင်းပြုပြည်ပြုလွှတ်တော်တွင်အခြားပြည်နယ်နှင့်တိုင်းများနည်းတူ ကိုယ်စားလှယ်အညီအမျှစေလွှတ်ခွင့်ရရန်၊
- မွတ်ဆလင်ကောင်စီ ထားရှိခွင့်ပြုရန်၊
- အစ္စလာမ်အထက်တန်းကျောင်းများနှင့် ကောလိပ်ကျောင်းများတည်ထောင်ခွင့်ပြုရန်၊

စသည့်အချက်များပါရှိသည်။[၄] ရခိုင်မြောက်ပိုင်းကိုတောင်းဆိုရာတွင် စစ်တွေကိုပါထည့်သွင်းတောင်းဆိုခဲ့သည်ဟုတွေ့ရှိရသည်။[၅] ထိုညီလာခံ၏လမ်းညွှန်ချက်များသည် ယနေ့ထက်တိုင်လှုပ်ရှားနေသော ဘင်္ဂါလီမွတ်ဆလင်များ၏နိုင်ငံရေးလမ်းကြောင်း ပင်မရည်မှန်းချက်ပင်ဖြစ်သည်။

---

၁ သမိုင်းသုတေသနဦးစီးဌာနမော်ကွန်းဌာနစု၊D 272

၂ OH/P/0363/2009,သမိုင်းသုတေသနဦးစီးဌါနမော်ကွန်းဌါနစု၊

၃ OH/P/0363/2009,သမိုင်းသုတေသနဦးစီးဌါနမော်ကွန်းဌါနစု၊

၄ Charter of the Constitutional Demands of the Arakani Muslims(1951)

၅ ဗိုလ်ဟင်ဂျာတာတမ်းအကျဉ်းမြို့စုတင်ပြခြင်းလက်နှိပ်စက်စာမူစာ ၅

မူဂျာဟစ်ပါတီမှ ရော်ရှိန်းခေါင်းဆောင်သောအဖွဲ့က ပြည်နယ်ပဆပလဥက္ကဋ္ဌဦးစံလွန်းအောင်မှတစ်ဆင့် ဝန်ကြီးချုပ်ထံတင်သွင်းရန် တောင်းဆိုချက်ပါစာတမ်းတစ်စောင်ပေးပို့လာသည်။ထိုတောင်းဆိုချက်များတွင်–

- ရခိုင်ဒေသအတွင်းရှိ မွတ်ဆလင်များအားလုံးကို နိုင်ငံတော်အတွင်းရှိရခိုင်မွတ်ဆလင်များအဖြစ် လက်ခံရန်၊
- မူဂျာဟစ်များကိုအပြီးတမ်းတပ်မတော်တွင် ရခိုင်မွတ်ဆလင်သေနတ်ကိုင်တပ်အဖြစ် သီးခြားထား ပေးရန်၊
- အစိုးရဌာနတိုင်းတွင် မွတ်ဆလင်များအား အရည်အချင်းအလိုက်ဝင်ခွင့်ပြုရန်၊
- ဗြိတိသျှအစိုးရကဲ့သို့မွတ်ဆလင်များအားနာမာလ်[၁] ရွာဂျာ[၂] ဟာဂျီဖိုခတ်(ဘူခါ)[၃] များလွတ်လပ် ခွင့်ပြုရန်၊
- မွတ်ဆလင်ကလေးများ ပညာသင်ကျောင်းတိုင်းတွင်အာရဘီဘာသာကို အပြီးတမ်းဘာသာတစ်ရပ် အဖြစ် မြန်မာစာနှင့်တန်းတူသတ်မှတ်ပေးရန်၊
- ဘူးသီးတောင်မြို့နယ်၊မောင်တောမြို့နယ်များတွင် ဆေးရုံကြီးတစ်ရုံနှင့်ဆေးပေးခန်းများကို လို အပ်သောနေရာများတွင် ဖွင့်လှစ်ပေးရန်၊
- ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် ကောလိပ်ကျောင်းတစ်ကျောင်းနှင့်တန်းမြင့်ကျောင်း (၄)ကျောင်းဖွင့်ခွင့်ပြုရန်၊
- နိုင်ငံတော်ဝန်ကြီးချုပ်က ၎င်းတို့အဖွဲ့အားရခိုင်တိုင်း သူပုန်နှိမ်နင်းရေးအတွက် ကျည်ဆန်ထုတ် ပေးရန်တို့ပါရှိလေသည်။[၄] ထိုသို့တောင်းဆိုချက်များတင်ပြရာတွင် ရိုဟင်ဂျာဟူသောလူမျိုးအနေ ဖြင့်တောင်းဆိုသည့်အချက်မပါဝင်သေးဘဲ ရခိုင်ဒေသတွင်းမွတ်ဆလင်များကို ရခိုင်မွတ်ဆလင် အဖြစ်အသိအမှတ်ပြုရန်နှင့် မွတ်ဆလင်အခွင့်အရေးတောင်းခြင်းကိုတွေ့ရသဖြင့် ထိုအချိန်အထိ ရိုဟင်ဂျာဟူသောလူမျိုးအဖြစ် ဖန်တီးယူရန်အစီအစဉ်မရှိသေးကြောင်း တွေ့ရှိနိုင်သည်၊

မူဂျာဟစ်ပြဿနာသည် တဖြည်းဖြည်းကြီးထွားလာပြီး လွှတ်တော်တွင်တင်သွင်းဆွေးနွေးရသည်အထိ ဖြစ်ပေါ်လာခဲ့သည်။မြို့ဟောင်း(မြောက်ဦး)မြို့နယ်လွှတ်တော်အမတ်ဦးလှထွန်းပြုကစဝ်မပြခ်မိက ဘူးသီးတောင် ၊မောင်တောဒေသတွင် ရခိုင်ရွာပေါင်း၂၀၀နှင့်၃၀၀ကြားတွင်ရှိကြောင်း၊ယခုအခါ(၁၀)ရွာလောက်သာ ကျန်တော့ ကြောင်း၊ရခိုင်မှဆန်များကို ပါကစ္စတန်သို့တင်ပို့ခြင်း၊ရခိုင်များကို သတ်ဖြတ်ခြင်းများပြုလုပ်နေကြောင်း၊၎င်းနှင့် ဆက်နွယ်သည့်အဖွဲ့များသည် စစ်တွေနှင့်ရန်ကုန်တွင်လည်းရှိကြောင်း၊လွှတ်တော်တွင်လည်းရှိနိုင်ကြောင်း၊ပါကစ္စ တန်အစိုးရကိုယ်တိုင်က ကာဆင်ကိုအားပေးနေကြောင်း၊ပါကစ္စတန်တွင်ထုတ်သည့်သတင်းစာများတွင်ဂျင်နရယ် ကာဆင်ဟု ဆိုထားကြောင်းသိသာထင်ရှားသည်မှာ မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်သွားသော ကာဆင်ကို ပါကစ္စတန်ကဖမ်းမိသည့်အခါ မြန်မာအစိုးရက ပါကစ္စတန်အစိုးရထံ လွှဲပြောင်းပေးရန် တောင်းဆိုသော်လည်း

---

၁ ဘုရားဝတ်ပြုခွင့်

၂ ဥပုသ်ပြုခွင့်

၃ အမျိုးသမီးများဝတ်ရုံဝတ်ခွင့်နှင့်ဝတ်ရုံဖုံးမျက်နှာဖုံးကို လူနံကြည့်ခွင့်မရှိရန်၊

၄ ဘူးသီးတောင်မြို့နယ်သမိုင်း–လက်နှိပ်ကော်မူစာ ၂၂၀

လက်မခံပဲ လွှတ်ပေးလိုက်ကြောင်း၊ ၎င်းပြဿနာသည် အလွန်ကြီးကျယ်သည့် ပြဿနာဖြစ်ကြောင်းတင်ပြသွားသည်။[၁] ကာဆင်ကို နောက်ကွယ်မှ အကာအကွယ်ပေးနေသူများတွင် ဘူးသီးတောင်၊မောင်တောမှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသည့် မွတ်ဆလင်အမတ်များနှင့်ပါ ပတ်သက်နေသည့်အသွင်ကို သိရှိနိုင်သည်။

ပုဏ္ဏားကျွန်းမြို့နယ်မှ လွှတ်တော်အမတ်ဦးပေါ်သင်ကပြောကြားသွားသည်မှာဘူးသီးတောင်၊မောင်တော၊ ရသေ့တောင်နယ်များကို မူဂျာဟစ်နယ်မြေသတ်မှတ်ရေးအတွက် ကာဆင်က အစည်းအဝေးကျင်းပကြောင်း၊၎င်းဒေသများသည် ရခိုင်ပြည်နယ်ကိစ္စဟုဆိုသော်လည်း မြန်မာပြည်မြေပုံကိုပြောင်းလဲပစ်နိုင်သည့်ကိစ္စဖြစ်၍ ဤအတိုင်းကြည့်နေ၍မရကြောင်းပြောကြားသွားသည်။[၂] မူဂျာဟစ်များ၏လှုပ်ရှားမှုမှန်သမျှကို နောက်မှအားပေးနေသူမှာ အရှေ့ပါကစ္စတန် (ဘင်္ဂလားဒေ့ရှ်)ဘက်မှဖြစ်သည်။မူဂျာဟစ်ခေါင်းဆောင် ကာဆင်နှင့်ပတ်သက်၍ ဟံသာဝတီသတင်းစာ၌-

မူဂျာဟစ်မွတ်ဆလင်တပ် သေနာပတိမိုလ်ချုပ်ကာဆင်သည် လွန်ခဲ့သည့်ဇူလိုင်လ၂၆ရက်နေ့က စစ်တကောင်းနယ်(ကော့စ်ဘဇာ)ခေါ် ဖလောင်းချေးမြို့သို့လက်နက်ကိုင်စစ်သားများခြံရံ၍ဆိုက်ရောက်လာရာ မြို့သူမြို့သားရာထောင်မျှ သောင်းသောင်းဖျဖျကြိုဆိုကြသည်ဟု

ဆိုထားလေသည်။၎င်းအပြင်ပါကစ္စတန်အရှေ့ပိုင်း၌ ရက်သတ္တ(၄)ပတ်မျှ နေထိုင်တည်းခိုသွားရာ၌သက်ဆိုင်ရာ အုပ်ချုပ်ရေးအရာရှိများက ဧည့်ခံပြုစုကြသဖြင့် ဖလောင်းချေးမြို့တွင်(၄)ရက်မျှနေပြီးစစ်တကောင်းသို့သွားရာ၌လည်း၊မြို့မိမြို့ဖများက ညစာစားပွဲများနှင့်တည်ခင်းဧည့်ခံကြသည်ဟု အဆိုရှိလေသည်။ထို့နောက်၎င်းမူဂျာဟစ်ခေါင်းဆောင်ကာဆင်သည် ထိုစစ်တကောင်းမြို့၌အခြားအရာရှိများနှင့် ရက်သတ္တ(၂)ပတ်မျှနေထိုင်ပြီးအရာရှိများနှင့်တွေ့ဆုံဆွေးနွေးခြင်းများကိုလည်းကောင်း၊ ရက်ကွက်ဆိုင်ရာ ဘာသာရေးအစည်းအရုံးများအားတရားဟောခြင်းကိုလည်းကောင်းပြုလုပ်၍ဖလောင်းချေးမြို့သို့ပြန်လာပြီး ဩဂုတ်လ၂၅ရက်နေ့၌ မောင်တောသို့ပြန်လာရာ၎င်းနှင့်အတူ လက်နက်သေတ္တာပေါင်း(၃၅)သေတ္တာမျှ ပါသွားသည်ဟုဆိုရာ ဤသတင်းအတိုင်းမှန်လျှင်ပါကစ္စတန်အစိုးရကမူဂျာဟစ်ကိစ္စကိုတမင်တကာအလိုတူအလိုပါလျစ်လျူရှုထားသကဲ့သို့ ဖြစ်နေလေသည်ဟုရေးသားထားသည်ကိုတွေ့ရသည်။[၃]

ဦးခံထွန်းအောင်က-

၁၉၅၆ ခုနှစ်မတ်လအတွင်းက ပါကစ္စတန်ပြည်ရှိခါပလောင်ရွာနေ မိရ်ကာဆိမ်း၏ညီဆွေးထောပေါ်လဘိသည် ဘူးသီးတောင်မြို့နယ်သို့ဝင်ရောက်လာပြီး မူဂျာဟစ်အာဆာဘိဂိုဏ်းကို လက်နက်သိမ်းလျက်သူ၏လူယုံများအား လက်နက်တပ်ဆင်ပေးခဲ့ဘူးသည်။ဤအချက်ကိုထောက်လျှင် ပါကစ္စတန်ပြည်သားများသည် ဘူးသီးတောင်၊မောင်တောနယ်ရှိ မွတ်ဆလင်များအား မည်မျှကြိုးကိုင်ချယ်လှယ်နိုင်သည်ကိုမြင်နိုင်ကြပြီဖြစ်သည်

---

၁ ဂုဏ်ထူးဆောင်ကြိုး ပြည်ထောင်စုလွှတ်တော်ညီလာခံမှတ်တမ်း (၁၉၅၅ ဇက်တင်ဘာလ ၂၈ ရက်) အတွဲ(၄) အစည်းအဝေးမှတ်တမ်းအစိုးရပုံနှိပ်တိုက်၊ရန်ကုန် ၁၉၅၅၊ စာ ၁၂၃၉

၂ ယင်း၊ စာ ၁၂၄၃

၃ ဟံသာဝတီသတင်းစာ၊ ၁၃-၉-၅၂၊ စာ ၃

ဟု မှတ်တမ်းတင်ထားသည်။[၁]

မည်သို့ဆိုစေ အရှေ့ပါကစ္စတန်(ယခုဘင်္ဂလားဒေ့ရှ်)အနေဖြင့်မူဂျာဟစ်သူပုန်များအပေါ်အားပေးနေသည်ကိုသိသာထင်ရှားစေသကဲ့သို့ တစ်ဖက်နိုင်ငံဘက်မှပြည်သူများအနေဖြင့် ကာဆင်အပေါ်လိုက်လိုက်လဲလဲကြိုဆိုကြခြင်းသည် ၎င်းတို့နှင့်လူမျိုးတူ၊ဘာသာတူသူတစ်ဦးက ပြန်မာနိုင်ငံထဲတွင်ဝင်ရောက်နေထိုင်သော ၎င်းတို့နှင့်လူမျိုးတူများအပေါ် ခေါင်းဆောင်နေသည်ဟုယူဆကာ အဖက်ဖက်မှအကူအညီပေးနေခြင်းဖြစ်သည်မှာ ထင်ရှားပေသည်။

(ဆ)မူဂျာဟစ်

မူဂျာဟစ်ပြဿနာသည် လောလောဆယ်အားဖြင့် ဒုတိယကမ္ဘာစစ်ကြီး၏ဆိုးမွေတစ်ရပ်ဖြစ်သော်လည်း အတိတ်အားဖြင့် ၁၈၂၄ခုနှစ် အင်္ဂလိပ်မြန်မာစစ်ပွဲအပြီး မွတ်ဆလင်များမြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာခြင်းမှမြစ်များခံခဲ့သည်။ထိုအချိန်မှစ၍ ဘူးသီးတောင်၊မောင်တော၊ကျောက်တော်၊မင်းပြား၊မြေပုံ စသည့်ဒေသများသို့ မွတ်ဆလင်ဘာသာဝင်စစ်ဟကောင်းဘင်္ဂါလီများ အစားအဆီးအရှိဝင်ရောက်လာခြင်းမှ စတင်ခဲ့သည်။[၂]

မွတ်ဆလင်ဘာသာဝင်ဘင်္ဂါလီတို့သည် ဂျီဟတ်ခေါ်ဘာသာရေးစစ်ပွဲကို ဆင်နွှဲလေ့ရှိပြီး၎င်းဘာသာရေးစစ်ပွဲတွင်ပါဝင်ကြသည့် ရဲဘော်ရဲဘက်များကိုမူဂျာဟစ်ဟု ခေါ်ဆိုကြသည်။မူဂျာဟစ်ဆိုသောစကား၏အဓိပ္ပါယ်မှာ"မိမိတိုင်းပြည်နှင့် ဘာသာရေးအခွင့်အရေးကို တိုက်ခိုက်သောသူ"ဟုလည်းဆိုလိုသည်။ မူဂျာဟစ်အဖွဲ့သည် ဂျမေတူအူလမားဘာသာရေးအဖွဲ့၏လမ်းညွှန်ချက်ကိုအကောင်အထည်ဖော်ရသောအဖွဲ့ဖြစ်သည်။တနည်းအားဖြင့် ဂျမေတူအူလမားအဖွဲ့သည် မြေပေါ်အဖွဲ့ဖြစ်ပြီး မူဂျာဟစ်အဖွဲ့သည်မြေအောက်အဖွဲ့ပင်ဖြစ်သည်။၎င်းတို့၏အဓိကရည်ရွယ်ချက်သည် မောင်တော၊ဘူးသီးတောင်၊ရသေ့တောင်နယ်များကို ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်းမှခွဲထုတ်ပြီး ပါကစ္စတန်နိုင်ငံနှင့်ပူးပေါင်းနိုင်ရန်မြန်မာနိုင်ငံတော်အစိုးရနှင့် ရခိုင်တိုင်းရင်းသားများအား လက်နက်ကိုင်လျက် အကြမ်းဖက်တိုက်ခိုက်ရန်ဖြစ်သည်။[၃]

ဘာသာရေးတိုက်ပွဲလုပ်သင့်မလုပ်သင့်ဟူသောပြဿနာကိုမွတ်ဆလင်ဘာသာဝင်တို့၏ဂိုဏ်းချုပ်ဖြစ်သူမှဖစ်ဝါ(ခ)ခါလီခါအုပ်ချုပ်ရေးအဖွဲ့ကသာလျှင်အဆုံးအဖြတ်ပေးနိုင်သဖြင့်၁၉၄၇ခုနှစ်ဒီဇင်ဘာလတွင်အနောက်ပါကစ္စတန်၊ပါရှ်ဝါမြို့မှမွတ်ဆလင်ဘာသာရေးဂိုဏ်းအုပ်မူလာနာ၊ပဟာမက်ပူဇေ်ဟ်ာက်ခံနှင့်မူလနာဘီဘာရာဟင်တို့ကိုဖိတ်ခေါ်၍အစည်းအဝေးပြုလုပ်ခဲ့သည်။အစည်းအဝေးကအာရဗီဘာသာနှင့်အူရဒူဘာသာကိုသင်ရန် မြန်မာစာကိုမသင်ရန် ညွှန်ကြားသည့်အပြင်၎င်းဂိုဏ်းအုပ်တို့က သူပုန်ခေါင်းဆောင် ပဟာမက်ဟုစိန်၊ဇာဖါဟုစိန်၊ဒူဒူမျာ၊ပဟာမက်ဆင်ခေါ်ဒိုစင်ဘူလာနှင့် တပ်ဗိုလ်တပ်သားများအားမူဂျာဟစ်ဟု အမည်ပေးကာညွှန်ကြားချက်များပေးခဲ့သည်ဟုဆိုသည်။ထိုကဲ့သို့အမိန့်ပေးပြီးနောက် ဘာသာရေးဂိုဏ်းအုပ်သည်နယ်လူထု၏အကြိုအဆိုနှင့် ၁၉၄၇ ဒီဇင်ဘာအကုန်လောက်တွင် ပြန်သွားသည်ဟုဆိုသည်။[၄] မူဂျာဟစ်သူပုန်တို့အားဂျမေတူအူလမားအဖွဲ့ကအစိုးရ

---

၁ ဦးစံရွှေနီးဆောင်၊ကိုယ်တွေ့မမေ့မြဲနှင့် ဒိုဟင်ဂျာ၊လက်နိပ်စက်မှု၊ဘူးသီးတောင်၊၁၉၆၂၊စာ ၁၃

၂ မူဂျာဟစ်များအလင်းဝင်ခြင်းမြဲပဟိပုံနှိပ်တိုက်၊စာမျက်နှာ၊ ခုနှစ်မပါ၊

၃ ခင်ကြီးမျော်၊ရှိုင်ပြည်မှ မူဂျာဟိန်းဟူသည်၊ရှိုင်တန်ဆောင်အတွဲ ၁၊အမှတ် ၈၊၁၉၅၉-မိ၊စာ ၂၃

၄ ခင်ကြီးမျော်၊ရှိုင်ပြည်မှ မူဂျာဟိန်းဟူသည်၊စာ ၂၆

ကိုတိုက်ခိုက်မည့်အခါ လိုက်နာရမည့်ညွှန်ကြားလွှာကိုထုတ်ပြန်ခဲ့ရာ ယင်းညွှန်ကြားချက်ကို ၁၉၄၈ခုနှစ်ဧပြီလ (၁၀)ရက်နေ့တွင် သက်ဆိုင်ရာများမှသိမ်းဆည်းရမိသည်ဟုသိရသည်။မူဂျာဟစ်များသည်ယူနီဖောင်းဝတ်၍ကြယ်တံဆိပ်ပါသော ဦးထုပ်ကိုအသုံးပြုခဲ့ကြသည်။[၁]

၁၉၄၈ခုနှစ်ဇွန်လအတွင်းတွင် ဘိအေအာ့မွှေးများနှင့်ဇဖာဟူစိန်တို့ကမူဂျာဟစ်အစိုးရအမည်တပ်ကာဘင်္ဂါလီစာ၊အူရဒူစာတို့ဖြင့် စာရွက်စာတမ်းများဖြန့်ချိခဲ့သည်။၎င်းစာရွက်များတွင်မြန်မာအစိုးရသည် ၎င်းတို့ဘာသာ အယူအဆအရ ပါပမင်းများဖြစ်ကြောင်း၊၎င်းတို့အုပ်ချုပ်မှုမှ ဘူးသီးတောင်၊မောင်တော၊ ရသေ့တောင်နယ်များရှိ မွတ်ဆလင်ဘာသာဝင်တို့သည် မူဂျာဟစ်တို့နှင့်လက်တွဲကာတိုက်ပွဲဝင်ရန်တိုက်တွန်းကြောင်းပါရှိသည်။တနည်းအားဖြင့် ဘာသာရေးစစ်ပွဲဖြစ်ရန် ရည်ရွယ်ခြင်းပင်ဖြစ်သည်။

မူဂျာဟစ်သောင်းကျန်းသူများ၏စနက်ကြောင့် မောင်တောမြို့နယ်ရှိ ဗုဒ္ဓဘာသာဝင်ကျေးရွာများ မကြာစဏပြိုပျက်ခဲ့ရသည်။ကျေးရွာအချို့မှာ မူဂျာဟစ်များ၏လက်ချက်ကြောင့် လုံးဝပျောက်ကွယ်သွားပြီး ရွာအမည်သာကျန်ရှိနေတော့သည်။၁၉၅၀ ခုနှစ်တွင်မေယုအော်ပရေးရှင်းချမှတ်ကာ မူဂျာဟစ်ဌာနချုပ်ကိုထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။တပ်မတော်အနေဖြင့် ၁၉၅၁ ခုနှစ်မတ်လတွင်ရခိုင်တိုင်းမြောက်ပိုင်းရှိသောင်းကျန်းသူများကိုတောင်ထိုးစစ်ဆင်ခဲ့သည်။မူဂျာဟစ်များသည်အရှေ့ပါကစ္စတန်ဘက်သို့ထွက်ပြေးကြပြီး တပ်မတော်ထိုးစစ်ရုပ်သိမ်းသွားသည့်အခါထကြွပြီထကြွပြန်သည်။မူဂျာဟစ်တို့အနေဖြင့် လူမျိုးရေးနှင့်ဘာသာရေးဆိုင်ရာအဓိကရုဏ်းများစွာကို ဖန်တီးခဲ့ကြသည်။တပ်မတော်သည် ၁၉၅၂ ခုနှစ် အောက်တိုဘာလတွင် မေယုစစ်ဆင်ရေးကို စတင်ပြန်သည်။ နိုဝင်ဘာလတွင် မူဂျာဟစ်ဌာနချုပ်တည်ရှိရာ လက်ပန်တောင်ကို တပ်မတော်ကတိုက်ခိုက်သိမ်းပိုက်လိုက်သည်။ ထို့ကြောင့် ကာဆင်ခေါင်းဆောင်သော မူဂျာဟစ်တို့များစွာအင်အားနည်းပါးသွားခဲ့ရသည်။

သို့သော် တစ်နိုင်ငံလုံးဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်ဖြစ်သဖြင့် တပ်မတော်အနေဖြင့်ကြာရှည်စွာထိန်းမထားနိုင်ဘဲ စစ်ဆင်ရေးကာလကုန်သည်နှင့် ပြန်လည်ရုပ်သိမ်းရသည်။မူဂျာဟစ်များသည်လည်း တပ်မတော်စစ်ကြောင်းရုပ်သိမ်းသွားသည်နှင့် ရခိုင်ကျေးရွာများကိုထိပါးနှောင့်ယှက်လာသည်။[၂] ၁၉၅၄ခုနှစ်နိုဝင်ဘာလတွင် တပ်မတော်သည် ဘူးသီးတောင်နှင့်မောင်တောနယ်မြေများတွင် မုတ်သုံစစ်ဆင်ရေးဆင်နွှဲရာ မူဂျာဟစ်ဌာနချုပ်နှင့် အနိုင်အမာခြေကုတ်စခန်းများကို ချေမှုန်းနိုင်ခဲ့ပြီးဌာနချုပ်မင်္ဂလာကြီးစခန်းကိုတိုက်ခိုက်သိမ်းဆည်းနိုင်သဖြင့် ကာဆင်သည် အရှေ့ပါကစ္စတန်သို့ထွက်ပြေးသွားခဲ့သည်။ ထွက်ပြေးသွားသည့်ကာဆင်ကိုပြန်လည်အပ်နှံရန် မြန်မာအစိုးရကတောင်းဆိုသော်လည်း ၎င်းတို့ဖမ်းဆီးထားကြောင်းအပြစ်ဖြင့် တစ်ဖက်နိုင်ငံသို့ထွက်ပြေးသွားသူကို ပြန်လည်လွှဲပြောင်းပေးရန် မြန်မာအစိုးရနှင့်တရားဝင်စာချုပ် ချုပ်ဆိုထားခြင်းမရှိသဖြင့်လွှဲမပေးနိုင်ကြောင်း အကြောင်းကြားခဲ့သည်။၎င်းကိစ္စနှင့်ပတ်သက်၍ ပါကစ္စတန်သမ္မတကြီးမြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စဉ် သတင်းထောက်များက အဆိုပါကာဆင်ကိစ္စကို မေးမြန်းရာသမ္မတကြီးက ကာဆင်ကို ၅ နှစ်ထောင်ထဲတွင်ထားခဲ့ပြီး အခုအခါ၎င်းအား အခြားသို့သွားလာခွင့်မပြုဘဲ သူ့ကိုအိမ်ချုပ်ချထားကြောင်းဖြေကြား

---

၁ မောင်တောမြို့နယ်ဖြစ်စဉ်သမိုင်း၊စာ ၇၆

၂ ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊အပိုင်း(၂)၊စာ ၁၃၂

ခဲ့သည်။[၁] ၁၉၆၁ခုနှစ်တွင် မေယုခရိုင်အုပ်ချုပ်ရေးဖွဲ့စည်းပြီးနောက် ထိုးစစ်များဆင်နွှဲရာနှစ်လအကြာတွင်ဘူးသီးတောင်တောင်ပိုင်း မှုဂျာဟစ်ပါတီဥက္ကဋ္ဌ မစ္စတာမော်ဘီဟူလာ၊ ဒုတိယဥက္ကဋ္ဌ မစ္စတာပော်စတော်ပီနှင့် အဖွဲ့ဝင်ပေါင်း ၂၉၀ကျော်တို့လက်နက်ချသည်။[၂] မှုဂျာဟစ်တို့အင်အားယုတ်လျော့သွားကာ အင်အား ၂၀၀လောက်သာ နယ်စပ်တွင်လှုပ်ရှားနိုင်သည့်အဆင့်သို့ရောက်ရှိခဲ့သည်။[၃]သို့သော်မြန်မာနိုင်ငံမှကာဆင်ကိုလွှဲပေးရန်အပြင်းအထန် ကြိုးစားလာသောအခါ အိမ်ချုပ်မှလွှတ်ပေးလိုက်သည်ကိုတွေ့ရသည်။ပါကစ္စတန်အစိုးရ ပါဝင်ပတ်သက်နေသည့် သဘောပင် ဖြစ်သည်ကိုတွေ့ရသည်။

(ဓ)မွတ်ဆလင်တို့၏ မြေပေါ်မြေအောက်ပူးပေါင်းလှုပ်ရှားမှု

မှုဂျာဟစ်လှုပ်ရှားမှုသည် မေယုခရိုင်အုပ်ချုပ်ရေးနောက်ပိုင်း ထိုးစစ်ဆင်မှုများကြောင့် အင်အားဆုတ်ယုတ်သွားသော်လည်း ၁၉၆၆ခုနှစ်ခန့်တွင်ပြန်လည်လှုပ်ရှားလာသည်။ကာဆင်၏မှုဂျာဟစ်လက်ကျန်အဥ္စာလိ နှင့် ညောင်ချောင်း(ဘူးသီးတောင်)ပတ်ဝန်းကျင်တွင် ဘီအေဖော်ဖောအလ်နီကွန်မြူနစ်တို့နှင့် ပူးပေါင်းနေသော ဓာဖော်တို့အသီးသီးပေါ်ပေါက်လာသည်။ယခင်က မွတ်ဆလင်ဘာသာရေးကြွေးကြော်သံဖြင့် ဂျီဟာဒ်စစ်ပွဲဖြင့်နှိုး ဆော်စည်းရုံးမှု မအောင်မြင်သည့်အခါ ပိုမိုနက်ရှိုင်းသောနည်းဗျူဟာသစ်ကို ချမှတ်ဆောင်ရွက်လာသည်။ ၎င်းနည်းဗျူဟာကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သူမှာ ပဆာပလအမတ်အဖြစ်လည်းကောင်း၊ပဆာပလ၏ကျန်းမာရေးဝန်ကြီးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည့် စုလတန်မာမွတ်ဖြစ်သည်။၎င်း၏နောက်ကွယ်တွင်မော်လဝီများရှိသည်။

မော်လဝီကိုက်ချုပ်များနှင့် စုလတန်မာမွတ်တို့က စစ်တွေမွတ်ဆလင်ပညာတတ်အချို့ကို စည်းရုံးပြီး ထိုင်းနိုင်ငံမွတ်ဆလင်အဖွဲ့ချုပ်ကို ချဉ်းကပ်ကာ ၎င်းအဖွဲ့ထောက်ခံမှုဖြင့် လစ်ဗျားသို့စေလွှတ်ခဲ့သည်။ထိုစဉ်က လစ်ဗျားခေါင်းဆောင်ကဒါဖီက မွတ်ဆလင်များ၏ခေါင်းဆောင်၊ အာရပ်နိုင်ငံများ၏ခေါင်းဆောင်ဖြစ်ရန်ကြိုးပမ်းနေချိန်ဖြစ်သည်။ရခိုင်မှ မွတ်ဆလင်အဖွဲ့၏တင်ပြချက်ကို လစ်ဗျားမှတာဝန်ရှိသူတို့က စိစစ်နားထောင်ပြီး နောက်ရခိုင်တွင်ရှိသည့်မွတ်ဆလင်များသည် ရခိုင်ပြည်နယ်အတွင်းမွတ်ဆလင်ပြည်ထောင်ရန် ကြိုးပမ်းခြင်းဖြစ်ကြောင်းသိရှိလာသဖြင့် ရခိုင်ပြည်နယ်အတွင်း လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ညီညွတ်မှုရအောင်ကြိုးစားပြီးမှ သာတန်းတူအခွင့်အရေးရရန်တိုက်ပွဲဝင်သင့်ကြောင်း တိုက်တွန်းခဲ့သည်။ထိုသို့ဆောင်ရွက်ပြီးမှသာ လိုအပ်သော အကူအညီကိုပေးမည်ဟု ကတိပြုခဲ့သည်ဟုဆိုသည်။[၄]

၎င်းတို့၏ရည်ရွယ်ချက်သည် မေယုကမ်းသွယ်(မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်၏အနောက်ဘက်ခြမ်း)တစ်ခုလုံးကို အာကစ္စတန်(Arkistan)အမည်ဖြင့်နိုင်ငံတစ်ခုတည်ထောင်ရန်ဖြစ်သည်။ထိုဒေသသည် ရခိုင်(အာရကန်)နှင့် ပါကစ္စတန်ကြားရှိဒေသဖြစ်သဖြင့် ထိုဒေသနှစ်ခုအမည်ပါသော ဘာသာရေးဆိုင်ရာ မွတ်ဆလင်နိုင်ငံထူထောင်ရန် ကြံစည်ခြင်းဖြစ်သည်။၎င်းတို့၏အဖွဲ့အစည်းအမည်ကို"အာကစ္စတန်ဦးဆောင်အဖွဲ့'

---

၁ အထူးပြည်ထောင်စုသတင်းစာ၁၅-၁၂-၁၉၆၁၊စာ ၂

၂ မှုဂျာဟစ်များအလင်းဝင်ခြင်းမြေပတ်ပုံနှိပ်တိုက်၊စာမျက်နှာမပါ၊

၃ ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊အပိုင်း(၂)၊စာ ၁၃၃

၄ D1315 ၊စာ ၂၊သမိုင်းသုတေသနဦးစီးဌာနမော်ကွန်းဌာနစု။

အဖြစ်ဖွဲ့စည်းခဲ့ကြသည်။ ၎င်းတို့တည်ထောင်မည့်နိုင်ငံကို မော်လဝီ(သို့မဟုတ်)မော်လာနာတစ်ဦးဦးကခေါင်းဆောင်အုပ်ချုပ်မည်ဖြစ်ပြီး ထိုပုဂ္ဂိုလ်၏အောက်တွင်ကာကွယ်ရေးနှင့် ပတ်သက်ကိုင်တွယ်ရန် ဆာနိ(စစ်ဦးစီးချုပ်)တစ်ဦးက တာဝန်ယူဆောင်ရွက်ရန်ဖြစ်သည်။ထိုအစီအစဉ်ကို ရုပ်လုံးဖော်ရန်အာကစ္စတန်ဦးဆောင်အဖွဲ့သည်လက်နက်ကိုင်မွတ်ဆလင်ကုလားများကို စည်းရုံးခဲ့ကြသည်။[၁]

တို့နောက်မူဂျာဟစ်အဖွဲ့များဖြစ်သော အဒုဇော်လီအဖွဲ့၊ဘီအေဇော်ဖောအဖွဲ့၊ဇာဖော်အဖွဲ့တို့အား ပူးပေါင်းစေခဲ့ပြီး ၎င်းအဖွဲ့၏အမည်ကို ရိုဟင်ဂျာအမည် ထည့်သွင်းအသုံးပြုကာ "ရိုဟင်ဂျာအမျိုးသားလွတ်မြောက်ရေးပါတီ"ဟုဖွဲ့စည်းလိုက်သည်။၎င်းပါတီက ရခိုင်ပါတီများဖြစ်သော ရခိုင်အမျိုးသားလွတ်မြောက်ရေးပါတီ(ရမလ)၊ ရခိုင်ပြည်ကွန်မြူနစ်ပါတီ(ရကပ)တို့ကို ညီညွတ်ရေးကမ်းလှမ်းခဲ့ကြသည်။ဆွေးနွေးမှုပြုလုပ်ရာတွင် (ရမလ)က တစ်ပါတီဖြစ်မြောက်ရေးအတွက် တင်ပြသော်လည်း(ရကပ)က တပ်ပေါင်းစုဖြစ်ရေးတင်ပြခဲ့သည်။ သို့သော်ရိုဟင်ဂျာပါတီက တောင်းဆိုရာတွင်–

- ရိုဟင်ဂျာကို တိုင်းရင်းသားလူမျိုးအဖြစ် အသိအမှတ်ပြုရန်
- ဘူးသီးတောင်၊မောင်တောနယ်ကို ရိုဟင်ဂျာဒေသအဖြစ် အသိအမှတ်ပြုရန်
- ရခိုင်ပြည်လွတ်မြောက်သည့်အခါ အုပ်ချုပ်ရေးတွင် ရခိုင် ၆၀%၊ကုလား ၄၀%ပါဝင်ရန်တို့ တောင်းဆိုခဲ့သည်။[၂] အမှန်တကယ်အားဖြင့် ၎င်းအချက်များသည် စစ်ပြီးခေတ်အလယ်သံကျော်မွတ်ဆလင်ညီလာခံက ချမှတ်ထားသော အခြေခံအချက်များကိုဆက်လက်အကောင်အထည်ဖော်ခြင်းပင်ဖြစ်သည်။ (ရကပ)ကထိုတောင်းဆိုချက်များကို လောလောဆယ်သဘောတူညီမှုမပေးနိုင်သော်လည်း တဖြည်းဖြည်းညှိနှိုင်းသွားမည်ဟု ပြန်ကြားခဲ့သည်။သို့သော် အင်အားချိနဲ့နေသော အဖွဲ့များဖြစ်သဖြင့်ရိုဟင်ဂျာအဖွဲ့၏တောင်းဆိုချက်အချို့ကို လိုက်လျောခဲ့ရသည်ဟုဆိုသည်။၎င်းတို့မှာ
- ရိုဟင်ဂျာပါတီသည် ရိုဟင်ဂျာ(ကုလားများ)၏တစ်ခုတည်းပါတီ ဖြစ်သည်။
- ထို့ကြောင့် ကုလားအများအပြားရှိသော မောင်တော၊ဘူးသီးတောင်အနောက်ဘက်တောင်ရင်းပိုင်းသည်လည်းကောင်း၊ဘူးသီးတောင်မြို့နယ် ညောင်ချောင်းနှင့်ညောင်ချောင်းအထက်ပိုင်းသည်လည်းကောင်း၊ရိုဟင်ဂျာ(ကုလားများ)နယ်မြေဖြစ်သည်၊
- ပူးတွဲစစ်ကော်မတီ၏ အကြီးအကဲသည် စစ်အင်အားများသော ရိုဟင်ဂျာပါတီမှဖြစ်ရမည်

ဟုသောအချက်များဖြစ်သည်။

ထိုသို့ ရခိုင်သူပုန်များနှင့် သဘောတူညီချက်ရပြီးသည်နှင့် လစ်များသို့သွားရောက်တင်ပြရာလစ်များကအလွတ်သဘော ငွေကြေးအကူအညီပေးလိုက်သည် ဟုဆိုသည်။ထိုငွေများကို အာကစ္စတန်ခေါင်းဆောင်များဖြစ်သောစစ်တွေမှ ဇုလတန်မာမွတ်နှင့်မော်လဝီဆရာများက ထိန်းသိမ်းလိုက်သည်။တစ်ဆက်တည်းမှာပင် ဇုလတန်မာမွတ်ကအာကစ္စတန်တည်ထောင်ရေးအတွက် အရှေ့ပါကစ္စတန်နိုင်ငံသို့အကူအညီတောင်းခဲ့သည့်စာတစ်စောင်ကို ရေးသားပေးပို့ခဲ့သည်။ထိုစဉ်ကအရှေ့ပါကစ္စတန်တွင် ဘင်္ဂါလီများခွဲထွက်ရေးတိုက်ပွဲဝင်နေချိန်ဖြစ်ရာ

---

ɔ '315

ɔ '315

ဂူလတန်မာမှတ်က အရှေ့ပါကစ္စတန်အစိုးရကိုထောက်ခံပြီး ခွဲထွက်ရေးသမားများကိုဆန့်ကျင်ကြောင်းရေးသားခဲ့သည်။သို့သော် ထိုစာသည်စစ်ကာလဖြစ်သဖြင့် ရောက်မသွားခဲ့ချေ။[၁]

၎င်းတို့အနေဖြင့် ရိုဟင်ဂျာလွတ်မြောက်ရေးအတွက် မည်သို့ပင်ပြောဆိုနေစေကာမူ ပင်ကိုယ်စိတ်တွင် အာကစ္စတန်နိုင်ငံထူထောင်ရေးဦးတည်ချက်သို့ သွားနေသည်ကိုတွေ့ရှိရသည်။မယုမြစ်ဝှမ်းမှရခိုင်များကိုမောင်းထုတ်ကာ မွတ်ဆလင်နိုင်ငံထူထောင်ရန် စိစဉ်ခြင်းပင်ဖြစ်သည်။ ၁၉၈၅ခုနှစ်ပါကစ္စတန်လွတ်လပ်ရေးနေ့တွင် အနောက်ပါကစ္စတန်နိုင်ငံ၊ရာဝါလ်ပန်ဒီမြို့အနီးရှိ ဘားမားကိုလိုနီ* ကျေးရွာတွင် ရခိုင်မှတိမ်းရှောင်သွားသော မွတ်ဆလင်များသည် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့သည်။ထိုအစည်းအဝေးတွင်မွတ်ဆလင်လွတ်မြောက်ရေးအဖွဲ့ (RLO) ဥက္ကဋ္ဌအာမက်ရှား၏မိန့်ခွန်းကို ဗီဒီယိုဖြင့်ပြန့်ဝေခဲ့သည်။ထိုမိန့်ခွန်းတွင်"ခင်ဗျားတို့ဟာ မယုကျွန်းပေါ်မှာရှိနေတဲ့မွတ်ဆလင်ဘာသာမဟုတ်တဲ့သူတွေကို သည်ဒေသကထွက်သွားအောင် နည်းမျိုးစုံတွေကိုသုံးရမယ်။ သည်နေရာတွေကို ကျွန်တော်တို့ကအစားဝင်နိုင်အောင်လုပ်ရမယ်၊ သည်ဒေသတွေကို အဟာခံဖြစ်အောင်လုပ်ရမယ်။နောက်တစ်ခါခင်ဗျားတို့ကို ရခိုင်-ဗမာတွေကနိပ်စက်ရင် ထွက်မပြေးပါနဲ့၊အလာအရှင်မြတ်ရဲ့တန်ခိုးတော်နဲ့မသတ်နိုင်ပါ"ဟုပါရှိသည်။[၂] မွတ်ဆလင်တို့အနေဖြင့်ဘူးသီးတောင်၊မောင်တောနယ်ကိုမွတ်ဆလင်ဒေသအဖြစ်သီးသန့်နေထိုင်နိုင်အောင် အကောင်အထည်ဖော်လိုခြင်းပင် ဖြစ်သည်။ထို့အတူတစ်ဘက်နိုင်ငံ၏မြို့နှင့်ကျေးရွာအချို့တွင် အူရဒူဘာသာ၊အင်္ဂလိပ်ဘာသာ လက်ကမ်းစာစောင်များဖြန့်ဝေရာတွင် ၎င်းစာစောင်များ၏အကျဉ်းမှာ "သင်တို့နေထိုင်ရာဒေသတွင် စားရေးရိက္ခာချို့တဲ့လျက်ရှိသည်၊သင်တို့နှင့်ကပ်လျက်ရှိသော မြစ်တစ်ဘက်ကမ်းတွင်မြန်မာနိုင်ငံသည် ဆန်စပါး၊စားနပ်ရိက္ခာစားမကုန်နိုင်လောက်အောင် စုပုံလျက်ရှိသည်။လမ်းဘေးရေဘုံဘိုင်များတွင်လည်း လုပ်မြို့အမျိုးသမီးများသည်လုံချည်ရင်လျားနှင့် ရေခပ်လျက်ရှိသည်ကို တွေ့မြင်နိုင်သည်။သင်တို့အစာရေစာကို ဝလင်အောင်စားသောက်ဖို့ ထိုနိုင်ငံသို့သွားနိုင်သည်။အမျိုးသမီးလှလှလေးများကို အိမ်ထောင်ပြု၍အစ္စလာမ်သာသနာပြန့်ပွားအောင် လုပ်ကိုင်နိုင်ကြသည်"ဟုရေးသားထားသည်။[၃] နယ်မြေစိုးမိုးရေးနှင့်သာသနာလွှမ်းမိုးရေးကို တစ်ပြိုင်တည်းဆောင်ရွက်ရန် ကြံစည်ခြင်းဖြစ်ပုံရသည်။

(ဈ) ရခိုင်တို့ပြည်နယ်ပေးရေးတောင်းဆိုချက်နှင့် အင်္ဂလိပ်မွတ်ဆလင်တို့အပြိုင်တောင်းဆိုလာခြင်း

ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း အင်္ဂလိပ်တို့ပြန်လည် ဝင်ရောက်လာသည့်အခါတွင် ရခိုင်တွင် အလံနီကွန် မြူနစ်ပါတီ၏ ဩဇာလွှမ်းမိုးမှုမှာ အခြေခိုင်နေပြီဖြစ်သည်။ ရခိုင်ပြည်နယ် လှုပ်ရှားမှုတွင် ရခိုင် (ဖဆပလ) ခေါင်းဆောင်များကို မကျေနပ်ခြင်း၊ ရှမ်း ၊ချင်း ၊ကချင် ၊ကရင် ၊ကယားတို့ကဲ့သို့ ပြည်နယ် အခွင့်အရေးကို ခံစားလိုခြင်း တို့ကြောင့်ရခိုင်ပြည်နယ် တောင်းဆိုသော ရခိုင်ခေါင်းဆောင် ဦးစိန္တာအဖွဲ့ကို အားပေးလာသည်။ ၎င်းအဖွဲ့သည် အလံနီကွန်မြူနစ် လိုလားသူအဖွဲ့ဖြစ်ပြီး ရခိုင်သီးခြား ခွဲထွက်ရေးကို တောင်းဆို နေသူများ

---

၁ D 1315 ၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာန၊စာ ၂။

* မြန်မာနိုင်ငံမှ ထွက်ပြေးသွားသည့် မွတ်ဆလင်များတည်ထားသည့်ကျေးရွာအမည်ဖြစ်သည်။

၂ D 1315 ၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာန၊စာ ၄။

၃ D 1317 ၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာန၊စာ ၂၃။

ဖြစ်သည်။ ၁၉၄၇ ဧပြီလ ၃ရက်နေ့တွင် မြေပုံမြို့၌ ရခိုင်အမျိုးသားညီလာခံကိုကျင်းပရာ လူတစ်သောင်းကျော်တက်ရောက်ပြီး အလံနီကွန်မြူနစ်များနှင့် ဖဆပလလည်းတက်ရောက်ကြသည်။ ထိုညီလာခံတွင် အခွန်မပေးရေး၊လယ်ခွန်မပေးရေး၊ရွေးကောက်ပွဲအလိုမရှိ၊ ဗိုလ်အောင်ဆန်းအလိုမရှိ၊လွတ်လပ်ရေးချက်ချင်းပေးစသည်ဖြင့်တောင်းဆိုခဲ့သည်။ထိုညီလာခံသို့ဗိုလ်ချုပ်အောင်ဆန်းတက်ရောက်မိန့်ခွန်းပြောကြားရာ တက်ရောက်လာသည့်ပြည်သူတို့က ဗိုလ်အောင်ဆန်းအလိုမရှိ၊ လွတ်လပ်ရေးချက်ချင်းပေးဟုအော်ဟစ်တောင်းဆိုကြသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည့်ချက်ချင်းပြန်လည်ထွက်ခွာသွားသည်။[၁] ၁၉၄၇ခုနှစ်ဧပြီလ၁၈ရက်နေ့တွင် ရန်ကုန်ရှိရခိုင်လူထုအစည်းအဝေးက ရခိုင်ခွဲထွက်ရေးတောင်းဆိုခဲ့ကြသည်။၁၉၄၇ခုနှစ်ဇွန်လ၁၅ရက်နေ့တွင် ရန်ကုန်ရှိရခိုင်လူထုအစည်းအဝေးထပ်မံကျင်းပရာ ထိုအစည်းအဝေးက ရခိုင်သည်သဘာဝကသီးခြားပိုင်းခြားပေးထားသည့်သီးခြားနိုင်ငံဖြစ်ကြောင်း၊နှစ်ပေါင်း၄၀၀၀ကျော်သီးခြားဘုရင်နိုင်ငံအဖြစ် နေထိုင်လာခဲ့ကြောင်း၊ထို့ကြောင့်သီးခြားလွတ်လပ်ဌာဆုံးဖြတ်နိုင်သည့် ဒေသအဖြစ်ဖန်တီးပေးရမည်ဖြစ်ကြောင်းတောင်းဆိုခဲ့ကြသည်။[၂] ထို့ကြောင့်ရခိုင်တို့က (ဖဆပလ)ကိုမထောက်ခံဘဲ ရခိုင်တိုင်းရင်းသားညီညွတ်ရေးအစည်းအရုံး(ရတည)ကိုထောက်ခံအားပေးကြသည်။

ထိုအချိန်ကဘူးသီးတောင်၊မောင်တောနယ်များတွင် Jami-a-tul Ulema-e Islan အဖွဲ့မှ မွတ်ဆလင်များကကိုယ်တိုင်အရွေးခံခဲ့ကြသည်။ထိုသို့အရွေးခံရာတွင် စစ်တကောင်းနယ်သားဂဖါးကဘူးသီးတောင်မြို့နယ်ရှက်ညိုတောရွာတွင်အခြေစိုက်ကာ ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ဂဖါးသည် စစ်တကောင်းနယ်သားဖြင်သည့်အပြင် မြန်မာစကားမတတ်ဘဲ အင်္ဂလိပ်စကားနှင့်ဘင်္ဂါလီစကားကိုသာ ပြောနိုင်သူဖြစ်သည်။၎င်းနှင့်အတူဝင်ရွေ့မှ ဥလတန်မာမွတ်အပါအဝင် လေးဦးအရွေးခံရာ အားလုံးအနိုင်ရခဲ့သည်။ရွေးကောက်ပွဲနှစ်ကြိမ်လုံးအနိုင်ရရှိသော်လည်း ဖဆပလအနေဖြင့်မတိုးနိုင်ခဲ့ချေ။တစ်ဘက်တွင်ရခိုင်ပါတီဖြစ်သည့်ရတညကိုလည်းဖဆပလကမနိုင်သဖြင့် တတိယအကြိမ်ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်မှအနိုင်ရရှိရန် ကြိုးပမ်းမှုပြုလုပ်လာသည်။

ဖဆပလအနေဖြင့် ရခိုင်လူထု၏ထောက်ခံမှုကိုမရသည့်အခါဦးနုသည်မွတ်ဆလင်အများစုမဲကိုရရှိအောင်ဆောင်ရွက်လာသည်။၁၉၅၆ခုနှစ်ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနှင့် ဘူးသီးတောင်နယ်တွင်မဲဆန္ဒနယ်တစ်နယ်ပိုမိုသတ်မှတ်ပေးပြီးမွတ်ဆလင်များအား ဖဆပလသို့သိမ်းသွင်းကာအရွေးခံစေခဲ့ရာ အဘုနိုင်၊အဘုဘော်ရှောတို့ဖဆပလအမတ်များဖြစ်လာကြ၍ ဘူးသီးတောင်မြို့နယ်မှဥလတန်မာမွတ် ဖဆပလအမတ်အဖြစ်အရွေးခံရသည်။ စစ်တဘူးသီးတောင်၊မောင်တောမှ မွတ်ဆလင်အမတ်များကို အရွေးခံခွင့်ပေးခဲ့ပြီးမဲအများအပြားရရှိရန်အတွက် စစ်တကောင်းကုလားကောင်းကုလားများကို ခေါ်သွင်းကာမဲပေးခွင့်ရအောင် ဆောင်ရွက်ပေးခဲ့သည်ဟုဆိုသည်။စစ်တကောင်းကုလားများကိုခေါ်သွင်းနေကြောင်းသိသော်လည်း ဦးနုအနေဖြင့်မသိယောင်ဆောင်နေခဲ့ခြင်းဖြင့် ကုလားများအဆမတန်များပြားလာစေခဲ့သည်။[၃] ဖားဝပ်ရွာ(မောင်တော)မှ ပါလီမန်ခေတ်ကြုံခဲ့သူတစ်ဦးက ဦးနုသည် ဖားဝပ်ရွာကိုရောက်ရှိလာကြောင်း၊မွတ်ဆလင်တွေ ဖဆပလကိုမဲပေးလျှင် မှတ်ပုံတင်ထုတ်ပေးမည်၊နေခွင့်ရမည်ဟုပြောသွားကြောင်း၊၎င်း၏အတွေ့အကြုံကို ပြောပြခဲ့သည်။[၄] မြောက်ဦးမြို့တွင်နေထိုင်သည့် ရတညတွင်ကိုယ်တိုင်ပါဝင်ခဲ့

---

၁ MF/962,HRC

၂ MF/962,HRC

၃ OH/P/0350/2009,တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာန။

၄ OH/P/0359/2009,တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာန။

သူတစ်ဦးကပြောကြားသည်မှာ ဦးနုသည်ဦးဗဆွေ၊ဦးကျော်ငြိမ်းတို့နှင့်မတူဘဲမွတ်ဆလင်များထံမှမဲရရေးအတွက် နှုတ်မှအလွယ်တကူကတိပေးမှုများပြုခဲ့ကြောင်း၊ရတာညကိုလည်း ၎င်း၏ပါတီကိုထောက်ခံပါကရခိုင်ကိုပြည်နယ် ပေးမည်ဟု ရတာညအမတ်များကို ၎င်း၏အိမ်သို့ခေါ်ကာပြောဆိုခဲ့ကြောင်းပြောကြားခဲ့သည်။[1]

ဖဆပလမဲအနိုင်ရရေးအတွက် ထိုအချိန်ကပြည်ထဲရေးဝန်ကြီးဦးမောင်(ခ)အဒုလာခစ်၏ထောက်ခံမှုဖြင့် ဘင်္ဂါလီများကိုခေါ်သွင်းလာသည်။ဘူးသီးတောင်တွင် အဒုနိုင်ဆိုသူက ဖဆပလဥက္ကဋ္ဌ၊လဝကတို့နှင့်ပေါင်းကာ အိမ်ထောင်စုစာရင်းများပြုလုပ်ပြီးမှ တစ်ဘက်နိုင်ငံမှဘင်္ဂါလီများကို ခေါ်သွင်းလာရာရွာပေါင်း(၄၀)ကျော်သည် တစ်မဟုတ်ချင်းရောက်ရှိလာသည်။[2] ပြင်ပမှလူပေါင်းများစွာကို ထိုကဲ့သို့ခေါ်သွင်းလာခြင်းဖြင့် ဖဆပလအနိုင်ရ ရေးဆောင်ရွက်ခြင်းသည် ဦးနု၏လုပ်ဆောင်ချက်ဖြစ်သည်။ထိုအမှားသည်နောင်တွင်နိုင်ငံကို များစွာအထိနာစေ သောအမှားတစ်ခုပင်ဖြစ်သည်။ထို့ကြောင့်ဘူးသီးတောင်၊မောင်တောနယ်တွင် ဖဆပလမှာမွတ်ဆလင်အမတ်များ အနိုင်ရလာပြီးလွှတ်တော်အမတ်များဖြစ်လာသည်ကို တွေ့ရသည်။လွှတ်တော်တွင် နေရာရလာသူများ၏နောက် ကွယ်တွင်မွတ်ဆလင်ကုန်သည်များ၏ အထောက်အပံ့များပါဝင်သည်ဟု တွေ့ရသည်။ဦးနုအစိုးရကိုယ်တိုင်က ရွေးကောက်ပွဲအောင်မြင်ရေးအတွက် မွတ်ဆလင်ကုန်သည်များ၏ငွေကြေးထောက်ပံ့မှုများရယူခဲ့ရသည်ဟုသိရ သည်။[3]

ဦးနုအစိုးရအာဏာရလာသည့်အခါ မွတ်ဆလင်အမတ်များနေရာရလာပြီး ဝန်ကြီးအဆင့်ရာထူးများပါရ ရှိလာကြသည်။ထိုသို့ရလာသောရာထူးကို အသုံးချကာ ရခိုင်ပြည်နယ်အတွင်းသို့ စစ်တကောင်းမွတ်ဆလင်များ အလွယ်တကူဝင်လာနိုင်အောင် အကာအကွယ်ပေးခြင်း၊ စပါးမှောင်ခိုလုပ်ငန်းများလုပ်ကိုင်ခြင်း၊ပြေအောက်လှုပ် ရှားမှုပြုလုပ်နေသော မူဂျာဟစ်အဖွဲ့ကို အကူအညီပေးခြင်းများပြုလုပ်လာသည်ကိုတွေ့ရသည်။ဦးနု၏ဖဆပလ အစိုးရကာလတစ်လျှောက်လုံး မွတ်ဆလင်အမတ်များ၏အာဏာဖြင့် ဘူးသီးတောင်၊မောင်တောနယ်ထဲတွင်လှုပ် ရှားမှုအမျိုးမျိုးပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ထိုနယ်မှမွတ်ဆလင်အမတ်များသည်ပင် ၎င်းတို့၏သြဇာအာဏာ ကိုအသုံးပြုကာ ဘင်္ဂါလီများဝင်ခွင့်ရအောင်ဆောင်ရွက်ပေးခဲ့သည်ကိုလည်း တွေ့ရှိရသည်။[4]

ရခိုင်တို့ပြည်နယ်တောင်းဆိုသံများ ကျယ်ပြန့်လာခြင်းကို မွတ်ဆလင်များကလည်းယခင်ကပင်စိုးရိမ်ခဲ့ သည်။ရခိုင်တို့တောင်းဆိုချက်အောင်မြင်ခဲ့လျှင် ပြည်နယ်ပေးခဲ့လျှင်မွတ်ဆလင်များဖိနှိပ်ခံရမည်ကို စိုးရိမ်ခဲ့ကြ သည်။ထို့ကြောင့် ရခိုင်မြောက်ပိုင်းရှိ မွတ်ဆလင်တို့လည်း ခွဲထွက်ရေးလှုပ်ရှားမှုများစတင်ပြုလုပ်လာကြသည် ကို (Rees William)ကအစိုးရသို့ တစ်ချိန်ကပင် တင်ပြအစီရင်ခံခဲ့ပြီးဖြစ်သည်။[5] လွှတ်လပ်ရေးရပြီးနောက်ပိုင်း ရခိုင်ကိုပြည်နယ်ပေးပါမည်ဟု ကတိပေးလိုက်သောအခါ ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်တို့သည်မကျေမနပ်မှုများ ဖြစ်ပေါ်လာခဲ့သည်။လှုပ်ရှားထကြွမှုများလည်း ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ယခင် အလယ်သံကျော်ညီလာခံ တွင်ပါဝင်ခဲ့သောမွတ်ဆလင်ခေါင်းဆောင်တို့သည် အသွင်သွင်အမျိုးမျိုးနှင့်ရှိနေကြရာမှ ရခိုင်ပြည်နယ်ဆန့်ကျင်

---

၁ OH/P/0362/2009,တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာန။

၂ OH/P/0360/2009,တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာန။

၃ OH/P/0355/2009,တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာန။

၄ OH/P/0354/2009,သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာန။

၅ MF/962

ရေးကို ပြုလုပ်လာသည်။သတင်းစာများမှ မွတ်ဆလင်တို့အတွက်တောင်းဆိုချက်အမျိုးမျိုးကို ပြုလုပ်လာသည်။

ဂျာမေတူအုလမားအသင်းအမည်ဖြင့် ဖွဲ့စည်းထားသည့်အသင်းသည် ဘာသာရေးအသွင်ဖြင့်ဖွဲ့စည်းထားခြင်းဖြစ်သော်လည်း နိုင်ငံရေးဆောင်ရွက်နေသည့်အဖွဲ့ဖြစ်ပြီး ခေါင်းဆောင်မှာ ရုလတန်အာမတ်နှင့်၎င်း၏ဇနီးဒေါ်အေးညွန့်တို့ဖြစ်သည်။၎င်းတို့အနေဖြင့် ပါလီမန်ရွေးကောက်ပွဲများတွင် ၁၉၄၇မှ၁၉၆၀အထိဆက်တိုက်အနိုင်ရခဲ့ပြီးအောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့တွင် ပါလီမန်အမတ်များဖြစ်လာခဲ့သည်။မည်သည့်ပါတီအဖွဲ့အစည်းပင်ဖြစ်စေ ဘင်္ဂါလီမဟုတ်ပါက လူအများစုဖြစ်သောဘင်္ဂါလီမဲကိုမရနိုင်သဖြင့် ဘာသာရေးနှင့်လူမျိုးရေးသက်သက်ကို ရှေ့တန်းတင်သောနိုင်ငံရေးလှုပ်ရှားမှုများမောင်တောမြို့နယ်တွင် လွှမ်းမိုးနေသည်ကိုတွေ့ရသည်။[1] ထိုအချိန်ကပါကစ္စတန်သံအမတ်အဖြစ် တာဝန်ထမ်းဆောင်နေသောဦးဖေခင်ကဘူးသီးတောင်သို့လာရောက်သည်တွင်-

ယခုစကားပြောရာ၌ တိုက်ရိုက်ဗမာစကားကို မသုံးရဘဲစကားပြန်ကြားမှာထားကာ ပြောဟောရသဖြင့် သူသည် မြန်မာနိုင်ငံတော်၏ တစ်နေရာသို့ရောက်နေသည်ဟုမထင်ဘဲ အရှေ့ပါကစ္စတန်ပြည်တစ်နေသို့ရောက်နေသလားဟုပင် ယုံမှားသံသယဖြစ်မိပါသည်

ဟုပြောကြားခဲ့သည်။[2] မြန်မာနိုင်ငံတွင်နေကြသောသူများဖြစ်လျက် မြန်မာစကားတစ်လုံးမျှမပြောတတ်ဘဲ ဘာသာပြန်ဖြင့် ပြောနေရခြင်းကြောင့်ကိုယ့်နိုင်ငံကိုလာရောက်ရခြင်းမှဟုတ်ရဲ့လားဟု သံသယဖြစ်ကြောင်းဆန်းစစ်ခဲ့ခြင်းဖြစ်ပေသည်။

ဗမတ်ကလည်း စစ်တကောင်းသားမွတ်ဆလင်များနှင့် ပတ်သက်၍ယခင်ကပင် ရေးသားသတိပေးထားသည်မှာ-မောင်တောမြို့နယ်သည် ၅၄၀စတုရန်းမိုင်ရှိ၍ ၁၉၁၁ခုနှစ်၌ ၁၃၁၁၃၄ဦးရှိသည်။စတုရန်းတစ်မိုင်လျှင် ၂၃၀ဦးနေထိုင်၍စစ်တွေခရိုင်၌လူဦးရေအထူထပ်ဆုံးဖြစ်သည်။စုစုပေါင်းလူဦးရေအနက်၇၇ % လက်ဖြစ်နေသည်။ယင်းဝင်ရောက်မှုသည် ဒေသခံရခိုင်တို့အားအရှေ့ဘက်သို့ မောင်းထုတ်နေသည်။ပျင်းရိနေသောရခိုင်တို့သည် ဝီရိယရှိ၍ချွေတာတတ်သော စစ်တကောင်းသားတို့ဝင်ရောက်လာမှုကိုတောင့်မခံနိုင်ကြချေ။အကယ်၍ရခိုင်တို့သည် မိမိတို့၏ပျင်းရိဖြုန်းတီးတတ်သော အလေ့အထများကိုသာဆက်လက်ပြုကျင့်နေကြဦးမည်ဆိုလျှင် ယခုမောင်တောမြို့နယ်၌ ဖြစ်နေသော အခြေအနေသကဲ့သို့ စစ်တွေခရိုင်တစ်ခုလုံးသည် စစ်တကောင်းသားတို့၏လက်ထဲသို့ ရောက်သွားပေလိမ့်မည်

ဟုမှတ်ချက်ပြုထားသည်ကို တွေ့ရသည်။[3]

မွတ်ဆလင်တို့သည် မြန်မာတိုင်းရင်းသားများမဟုတ်ကြသဖြင့်တိုင်းရင်းသားများခံစားခွင့်ရှိသော"ပြည်နယ်ရပိုင်ခွင့်"ကို ခံစားခွင့်မရှိကြောင်းသိလာကြသည့်အခါမိမိကိုယ်ကို"ရခိုင်တိုင်းရင်းသားမွတ်ဆလင်"များဖြစ်ကြောင်းရေးသားတင်ပြလာကြသည်။ထိုလိမ်လည်တင်ပြမှုကို ပါလီမန်အမတ်ဟောင်းဂပါးမှ စတင်ခဲ့သည်။၎င်း

---

၁ မောင်တောမြို့နယ်ဖြစ်စဉ်သမိုင်း၊စာ-၇၈

၂ ဦးစံထွန်းအောင်၊ကိုယ်တွေ့မေယုခရိုင်နှင့် ရိုဟင်ဂျာ၊စာ-၁၃ Rangoon(Yangon),1957.p-82-86

၃ Mr.R.B.Smart,Akyat District,Govt.Printing,

ကအလယ်သံကျော်ညီလာခံမှ ဆုံးဖြတ်ချက်များကို အားပေးသောသမိုင်းဆောင်းပါးတစ်ပုဒ်ကို ၂၈-၈-၅၁ မှ ထုတ်ဂါးဒီးယန်းသတင်းစာတွင် စတင်ရေးသားခဲ့သည်။ထို့နောက်(၁၀)နှစ်အကြာ မေလထုတ်ဂါးဒီးယန်းမဂ္ဂဇင်းတွင် အပ်အေတာဟီရ်ဘာသာက (ဘသာ)ဟူသောမြန်မာအမည်ဖြင့် မဇ္ဈတာဂဖါးကဲ့သို့ဘူးသီးတောင်၊မောင်တောမြို့နယ်များရှိ စစ်တကောင်းသားမွတ်ဆလင်များကို ရခိုင်တိုင်းရင်းသား မွတ်ဆလင်ဖြစ်လေဟန် မခိုင်မာသောသမိုင်းအထောက်အထားများဖြင့် ရေးသားလာသည်ကိုတွေ့ရသည်။

ရခိုင်တို့၏ပြည်နယ်တောင်းဆိုမှု ကြီးထွားလာချိန်တွင်မွတ်ဆလင်တို့ကလည်းရခိုင်တို့နှင့်တန်းတူအခွင့်အရေးပေးရန်တောင်းဆိုခဲ့ကြသည်။တိုင်းရင်းသားအဖြစ် အခွင့်အရေးတောင်းဆိုလာခြင်းဖြစ်သည်။ထိုဆောင်းပါးကို ရိုဟင်ဂျာအမျိုးသားညီညွတ်ရေးအဖွဲ့ချုပ်ကလည်း "ရိုဟင်ဂျာလူမျိုးစုရာဇဝင်အကျဉ်းချုပ်"အမည်ဖြင့်အနည်းငယ်ပြည့်စွတ်ကာ ၁၉၆၀ပြည့်နှစ်တွင် ပုံနှိပ်ဖြန့်ဝေခဲ့သည်။[၁] အပ်အေတာဟီရ်ဘာသာကပင် ၁၉၆၃ခုနှစ်၌"ရိုဟင်ဂျာနှင့်ကမန်လူမျိုးစုများ"ဟူသောစာအုပ်ကို ပြစ်ကြီးနားမြို့ရိုဟင်ဂျာအမျိုးသားညီညွတ်ရေးအဖွဲ့မှတစ်ဆင့် ထုတ်ဝေခဲ့ပြန်သည်။[၂] ထို့အတူမောင်သံလွင်ကလည်းရိုဟင်ဂျာလူမျိုးများအကြောင်းကို မြဝတီမဂ္ဂဇင်းတွင်ရေးသားကာတိုင်းရင်းသားလူမျိုးဖြစ်ကြောင်း လမ်းကြောင်းပြခဲ့သည်။[၃] သို့သော် ရိုဟင်ဂျာနှင့်ပတ်သက်သည့် ဆောင်းပါးအားလုံးသည် ဘသာနှင့်ဂဖါးရေးသားသည့်ဆောင်းပါးကို ထပ်တူကူးချရေးသားထားခြင်းများသာဖြစ်သည်ကို တွေ့ရသည်။ထိုထက်ပိုသောအထောက်အထားမရှိတော့ဘဲ လှည့်ပတ်ရေးသားနေခြင်းသာ ဖြစ်သည်။ရိုဟင်ဂျာလူမျိုးကိုတိုင်းရင်းသားလူမျိုးဖြစ်ရေး စိမ်ချက်ဖြင့်ပါလီမန်တွင်လည်းကောင်း၊ပါလီမန်ပြင်ပတွင်လည်းကောင်းစနစ်တကျမွတ်ဆလင်ပညာတတ်များက ဦးဆောင်ကာလှုပ်ရှားခဲ့ခြင်းဖြစ်သည်။

(ည)ရိုဟင်ဂျာလူမျိုးကို ဖန်တီးယူခြင်း

အင်္ဂလိပ်တို့ရခိုင်ကိုသိမ်းပိုက်လိုက်သည့်အချိန်အထိ ရိုဟင်ဂျာဟူသောအသုံးအနှုန်းမပေါ်သေးချေ။ကိုလိုနီခေတ်သမိုင်းဆရာများရေးသားသည့် မြန်မာနိုင်ငံသမိုင်း၊ရခိုင်သမိုင်းစာအုပ်များတွင်လည်းရိုဟင်ဂျာအကြောင်းမပါခဲ့ချေ။စစ်တကောင်းဒေသမှ လာရောက်လုပ်ကိုင်သော အလုပ်သမားများ၊ရခိုင်ဘုရင်လက်ထက်က သုံ့ပန်းအဖြစ်ဖမ်းဆီးလာသူများသာ ရှိခဲ့ရာရှင်းတို့ကို ဘင်္ဂါလီကုလားများဟုသာခေါ်ကြသည်။ရိုဟင်ဂျာဟူသောအသုံးအနှုန်းသည်ဒုတိယကမ္ဘာစစ်အတွင်းမှသာပေါ်ပေါက်လာသည့် အသုံးအနှုန်းဖြစ်သည်။၁၉၄၇ခုနှစ်တွင်ပေါ်ပေါက်လာသောစကားလုံးအသစ်တစ်ခုဖြစ်သည်။ရိုဟင်ဂျာသမိုင်းကို လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ဘင်္ဂါလီပညာတတ်များက ရေးသားကြသည်။ ရိုဟင်ဂျာဟူသောအမည်ကို တိုင်းသိပြည်သိဖြစ်အောင် စတင်လှုပ်ရှားမှုသည် ၁၉၆၀ ပြည့်နှစ်အတွင်းမှစတင်ခဲ့ခြင်းဖြစ်သည်။

ဘူးသီးတောင်ပါလီမန်အမတ် အဒူဂေါဖော်(ဂဖါး)ကာ၁၉၆၀ပြည့်နှစ် ဧပြီ၂၀ရက်နေ့ ရန်ကုန်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ရခိုင်၊ပထန်နှင့်အာရပ်တို့သွေးနှောရာမှ ဖြစ်ပေါ်လာသောလူမျိုးသည် ရိုဟင်ဂျာလူမျိုးဖြစ်သည်ဟုလည်းကောင်း၊ရခိုင်၊ဘင်္ဂါလီ၊အူရဒူ၊ပါရှန်၊အာရဗီစကားများကို ရောနှော၍ဖြစ်ပေါ်လာသော

---

၁ Ba Tha, Roewengyas in Arakan, The Guardian, 1960, p-33

၂ အပ်အေတာဟီရ်ဘာသာ၊ရိုဟင်ဂျာနှင့်ကမန်လူမျိုးစုများ၊ ရိုဟင်ဂျာအမျိုးသားညီညွတ်ရေးအဖွဲ့၊ရန်ကုန်၊၁၉၆၃။

၃ မောင်သံလွင်၊ရခိုင်ကုလားသို့မဟုတ် ဦးစန်းညာလူမျိုးများ၊မြဝတီမဂ္ဂဇင်း၊အတွဲ(၈)၊အမှတ်(၃)၊၁၉၆၀၊စာ-၁၀

စကားသည် ရိုဟင်ဂျာစကားဖြစ်ကြောင်း တင်ပြခဲ့သည်။[၁]

အမှန်တကယ်အားဖြင့်၎င်းတို့၏စကားများသည်ဘင်္ဂါလီစကားများသာဖြစ်သည်။၎င်းတို့ပြောသောစကား
ခင်တကောင်းအောက်ပိုင်းက ပြောသောစကားဖြစ်သည်။ဘင်္ဂေါတွင်စစ်တကောင်းအထက်ပိုင်းကပြောသောစကား
နှင့်စစ်တကောင်းအောက်ပိုင်းက ပြောသောစကားဟုနှစ်မျိုးရှိသည်။စကားနှစ်မျိုးသည် အနည်းငယ်ကွဲသည်။စစ်
တကောင်းအထက်ပိုင်း သုံးသည့်စကားသည် ယခုအခါတွင်ကျယ်နေရာယူလာပြီး ဓာတ်မြင့်တို့သုံးသည့်စကား
အဖြစ်အသုံးပြုလာရာ စစ်တကောင်းအောက်ပိုင်းသုံးသည့်စကားသည် ဘင်္ဂေါတွင်အသုံးအလွန်နည်းသောစကား
ဖြစ်လာသည်။ ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်လာသော ဘင်္ဂါလီတို့က စစ်တကောင်းအောက်ပိုင်းစကားသာ
သုံးသဖြင့်ဘင်္ဂေါနယ်သို့သွားလျှင် စကားမပေါက်ခြင်း၊တစ်ဖက်နိုင်ငံမှ ဘင်္ဂါလီများက အဆင့်မရှိသူများအဖြစ်
ဆက်ဆံခြင်းကိုခံရသည်။[၂] မြန်မာနိုင်ငံတွင်လည်း ခိုးဝင်လာသူများအဖြစ်ဘင်္ဂါလီများကို အရေးအထားသကဲ့သို့
တစ်ဖက်နိုင်ငံကလည်း အဆင့်နိမ့်ဇာတ်နိမ့်အဖြစ် ခွဲခြားဆက်ဆံခြင်းခံရသဖြင့် နှစ်နိုင်ငံကြားတွင်သီးခြားပြည်
နယ်ထူထောင်ရန် ကြံစည်လာခြင်းဖြစ်သည်ကိုတွေ့ရသည်။

ရိုဟင်ဂျာပေါ်ပေါက်လာပုံကို မွတ်ဆလင်တို့က ရေးသားရာတွင် ၎င်းတို့သည် အေဒီ ၇ ရာစုဝေသာလီ
ခေတ်က အာရေးဗျကုန်သည်များရောက်ရှိကုန်သွယ်ရာတွင် ရမ်းဗြဲ့သဘော်ပျက်ရာ ရခိုင်ဘုရင်ကကူညီစောင့်
ရှောက်နေရာချထားပေးခဲ့ရာမှ စတင်နေထိုင်လာခဲ့ကြောင်း၊ ပထန်လူမျိုးများနှင့် ဘင်္ဂါလားပြည်မှဝင်ရောက်လာ
ကြသူများမှာ အာရပ်အဆက်အနွယ်များဖြစ်သော "ရိုးဝန်ညာ"လူမျိုးများနှင့် ပေါင်းသင်းနေထိုင်လာခဲ့ကြသည်
တွင်ရိုးဝန်ဂျာ (ယခုအခါ ရိုဟင်ဂျာ) ခေါ်လူမျိုးဖြစ်လာကြောင်း၊ရိုဝန်ဂျာဆိုသောအမည်မှာ ရခိုင်စကားရင်းဖြစ်
ရာ ရွာဟောင်းကကျားဟု အဓိပ္ပာယ်ရသည်ဟုဆိုသည်။[၃] ၎င်းကရခိုင်ရာဇဝင်စာအုပ်ကို ကိုးကားလျက် အေဒီ ၇
ရာစုနှစ်လောက်ကပင် မွတ်ဆလင်များအခြေချခဲ့ကြောင်း တင်ပြထားသော်လည်း ရခိုင်ရာဇဝင်စာအုပ်များ၊ပေပု
ရပိုက်အထောက်အထားအားလုံးသည် နောက်ပိုင်းမှပြန်လည်ရေးသားသောစာအုပ်များဖြစ်သည်။ မည်သည့်ရခိုင်
ရာဇဝင်မှ ပုရင်းအထောက်အထားမဟုတ်တော့ချေ။ရခိုင်ရာဇဝင်ထဲတွင် အစောဆုံးရာဇဝင်စာအုပ်ဟု သတ်မှတ်
ထားသော ဓညဝတီအရေးတော်ပုံသည် (၁၇၈၆)ခုနှစ်တွင် ဒိုးဝေရာဇဝင်ကို မှိုင်ငြမ်းက ပြန်လည်ရေးသားထား
ဖြစ်သည်။နိုင်မာသည်ဟုယူဆရသော ငမဲရာဇဝင်သည်ပင်လျှင်ကိုလိုနီခေတ်(၁၈၄၀)ခုနှစ်တွင် ပြန်လည်ရေးသား
ထားသောရာဇဝင်ဖြစ်သည်။၎င်းစာအုပ်ကို မှိုင်ငြမ်းပြုကာဖယ်ရာက ရခိုင်သမိုင်းကိုရေးသားခဲ့သည်။ ဖယ်ရာရေး
သားသည့်စာအုပ်ကိုမှိုင်ငြမ်းပြုကာ စစ်တွေဂဇက်တီယာကို ဝဖတ်ကရေးသားခဲ့သည်။ထို့ကြောင့်အာရပ်မွတ်ဆလင်
များအေဒီ ၇ ရာစုကပင် လာရောက်အခြေခိုက်ရာမှ စတင်ခဲ့သည်ဟူသောအဆိုသည်သက္ကာရီအဆင့်သာလျှင်ဖြစ်
သည်ကိုသိရှိနိုင်သည်။

၁၉၆၁ ခုနှစ်ထုတ်အမျိုးသားသတင်းစာတွင် ရိုဟင်ဂျာနှင့်ပတ်သက်၍ ဆောင်းပါးရှင်တစ်ဦးက "ရိုဟင်
ဂျာ"ဆိုသောစကားသည်"ရွာဟောင်းသား"ဟုအဓိပ္ပာယ်ရကြောင်း၊ရာဇဝင်အရတိုင်းရင်းသားခစ်စစ်များဖြစ်ကြောင်း၊

---

၁ မောင်ကောဝြို့နယ်သမိုင်း၊စာ ၈၈

၂ OH/P/0362/2009,တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီး၊ဂန္ဓမော်ကွန်း၊ရှာနှစ်

၃ ရိုဟင်ဂျာလူမျိုးစု၏ ရာဇဝင်အကျဉ်းချုပ်၊ရန်ကုန်၊ရိုဟင်ဂျာအမျိုးသားညီညွတ်ရေးအဖွဲ့၊၁၉၆၁

တင်ပြထားသည်ကိုတွေ့ရသည်။[1] ဂါးဒီးယန်းမဂ္ဂဇင်းတွင် ဆောင်းပါးရှင်ဘာသာကရေးသားထားသည်မှာ ဝေသာလီခေတ်ကဘုရင်ကအာရပ်ကုန်သည်များကို အခွင့်အရေးပေးနေထိုင်ခွင့်ပြုသဖြင့် ၎င်းတို့ကိုရိုးဝန်ညာလူမျိုးများဟုခေါ်ကြောင်း၊ပထန်နှင့်ဘင်္ဂါလီမှဝင်ရောက်လာသူများသည် ရိုးဝန်ညာတို့နှင့်အချင်းချင်းပေါင်းသင်းလက်ထပ်ကြရာမှရိုးဝန်ဂျာလူမျိုးများဖြစ်လာကြောင်းတင်ပြထားသည်။[2] ဆောင်းပါးရှင်ဘာသာမှာ မြန်မာအမည်ခံရေးသားခြင်းဖြစ်ပြီးအမှန်တကယ်မှာ မွတ်ဆလင်တစ်ဦးဖြစ်ပြီး၎င်း၏အမည်မှာ တာဟိရ်ဘာသာဖြစ်သည်။မြန်မာလူမျိုးသမိုင်းဘာသာကျွမ်းကျင်သူတစ်ဦးက ရေးသားလေဟန်ဖန်တီးထားခြင်းဖြစ်သည်။ရခိုင်ဘုရင်များမွတ်ဆလင်ဘွဲ့အမည်များခံကြသဖြင့် မွတ်ဆလင်ဘာသာဝင်များဖြစ်လေဟန် ရေးသားထားသည်ကို တွေ့ရသည်။

မြောက်ဦးခေတ်အစပိုင်းတွင် မင်းစောမွန်ရခိုင်ထီးနန်းကိုပြန်လည်ရရှိရန်အတွက်မွတ်ဆလင်ဂေါ်ရ်ဘုရင်ကကူညီပေးခဲ့သည်ကို အကြောင်းပြု၍အေဒီ ၁၄၃၀ပြည့်နှစ်တွင် မွတ်ဆလင်ဘာသာဝင်များစတင်ဝင်ရောက်လာခဲ့ပြီး မွတ်ဆလင်ဘွဲ့အမည်ခံခဲ့သည်ဟုဆိုသည်။သို့သော် ရခိုင်သမိုင်းပညာရှင်ဂျက်လိုက်ဒါ(J.P.Leider)က စစ်ရေးအရမင်းစောမွန်အား မွတ်ဆလင်ဂေါ်ရ်ဘုရင်ကူညီသည်ဟူသော အထောက်အထားကို ရခိုင်သမိုင်းများတွင် ဒဏ္ဍာရီဆန်ဆန်ရေးသားထားခြင်းဖြစ်ပြီး ဘင်္ဂါလီသမိုင်းတွင်ခိုင်မာသည့်အထောက်အထားမရှိကြောင်း၊ထိုအချိန်ကဘင်္ဂါလီဒေသသည်မတည်မငြိမ်ဖြစ်နေသည့်အခြေအနေကြောင့်မင်းစောမွန်ကိုကူညီသည်မှာဖြစ်နိုင်ဖွယ်မရှိကြောင်း ထောက်ပြခဲ့သည်။[3] ဖယ်ရာကိုယ်တိုင်ကလည်းဘင်္ဂလားစာပေအထောက်အထားများတွင် မင်းစောမွန်သွားရောက်ခိုလှုံသည့်အထောက်အထားလုံးဝမတွေ့ရပါ ဟုဆိုခဲ့သည်။ရခိုင်ဘုရင်များ မွတ်ဆလင်ဘွဲ့အမည်များကို လက်ခံခဲ့ခြင်းကြောင့် မွတ်ဆလင်ဟုယူဆရန် အကြောင်းမရှိချေ။ရခိုင်ဘုရင်များ နန်းတက်လာသည့်အခါတိုင်း ဘုရားတည်ခြင်း၊ကျောင်းဆောက်လှူဒါန်းခြင်း၊ကျွန်လှူခြင်း၊သိရိလင်္ကာသို့ ရဟန်းများစေလွှတ်ခြင်းတို့ကို ကျောက်စာအထောက်အထားများတွင် အခိုင်အမာပါပြီးဖြစ်သည်။အေဒီ၇ရာစုနှင့်၉ရာစုအတွင်းရေးထိုးထားသည့်ရှစ်သောင်းဘုရားအတွင်းရှိ အာနန္ဒစန္ဒြကျောက်စာတွင် ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှုကို အခိုင်အမာရေးထိုးထားသည်ကို တွေ့ရှိရသည်။[4] ၁၉၆၀-၆၁ခုနှစ်ရခိုင်တန်ဆောင်မဂ္ဂဇင်းအတွဲ(၂)၊အမှတ်(၉)၊အင်္ဂလိပ်ဘာသာပိုင်းတွင်ဆောင်းပါးရှင်စစ်တွေမောင်က မောရစ်ကောလစ် ရေးသားသည့်(Arakan Palace in the Civilization of the Bay)ကို ကိုးကား၍ရေးသားရာတွင် မြောက်ဦးခေတ်အနုပညာ၊ ဗိသုကာလက်ရာများသည် မွတ်ဆလင်ယဉ်ကျေးမှု အငွေ့အသက်မပါသည့်အပြင် ဟိန္ဒူယဉ်ကျေးမှုဘက်သို့သာနွယ်ကြောင်း မောရစ်ကောလစ်၏အဆိုနှင့် ဤသို့လူမျိုးတစ်မျိုးတီထွင်ခြင်းမှာ ဤဒေသရှိတိုင်းရင်းသားများကိုမောင်းထုတ်၍ အပိုင်စီးလိုသောရည်ရွယ်ချက်များသာဖြစ်ကြောင်းတင်ပြခဲ့သည်ကို တွေ့ရသည်။[5]

ရိုဟင်ဂျာဟူသည့်စကားကို အလံနီကွန်မြူနစ်များက "မူဂျာဟစ်" သူပုန်များအတွက် တွင်ပေးခဲ့သော အမည်ဖြစ်ကြောင်း၊၁၉၅၀ပြည့်နှစ်များအစပိုင်းက အလံနီများနှင့်မူဂျာဟစ်များသည်"ယာယီမဟာမိတ်"ဖွဲ့ထားပြီး

---

၁ အမျိုးသားသတင်းစာ(၂၂-၂-၆၁)စာ ၈

၂ The Guardian,1960,p-33

၃ လှထွန်းဖြူ၊ရခိုင်ပြည်စီးပွားရေးဘဏ္ဍာသိုက်၊စာ ၉၂-၉၆

၄ အာနန္ဒစန္ဒြကျောက်စာ

၅ မောင်ထောဖြူ၊နယ်ခြားစောင့်သမိုင်း၊စာ ၈၈

ဖဆပလအစိုးရကို တိုက်ခိုက်နေကြကြောင်း၊မူဂျာဟစ်များက ၎င်းတို့အတွက်သမိုင်းဝင်အမည်တစ်ခုရှာပေးခိုင်းသဖြင့် အလံနီများကရှာပေးခဲ့ခြင်းဖြစ်ကြောင်း ရေးသားထားသည့်မှတ်တမ်းတစ်ခုလည်း တွေ့ရသည်။[1]

မောင်တောမြို့မှ ဆရာတော်တစ်ဦးက ၎င်း၏အတွေ့အကြုံကို ပြောပြသည်မှာ-

ဦးနုဦးဗဆွေတို့မောင်တောကို ၁၉၆၀-၆၁မှာရောက်လာတော့ကျောင်းနားကကုဏ္ဍိုပြင်ကြီးနားမှာအစည်းအဝေးကျင်းပဟောပြောတယ်။တိုင်းရင်းသားအလိုက် မိတ်ဆက်စကားပြောကြတဲ့အခါမွတ်ဆလင်ပညာတတ်ကျောင်းဆရာကြီးတွေဖြစ်တဲ့ ဦးဘမောင်၊ဦးဖေဇီ၊ဆိုဒီတို့(၃)ဦးလည်းတက်ရောက်ကြတယ်။သူတို့အလှည့်ရောက်တော့ ကျုပ်တို့ဗမာနိုင်ငံမှာနေတယ်၊ဘာလူမျိုးလို့ခေါ်မလဲလို့မေးတယ်၊ပါလာတဲ့ဦးဗဆွေကမပြောဘူး၊ဦးအောင်ဇံဝေက မင်းတို့ဟိုကဒီကလွင့်ကျလာတဲ့အတွက် လွင့်ဂျာ(ရွှင့်ဂျာ) လို့ဘဲခေါ်ပေါ့လို့ပြောတယ်၊အဲဒီစကားကများစပြီး ပေါ်ပေါက်လာသလားတော့မသိဘူး

ဟု ပြောကြားခဲ့သည်။[2] လွင့်လာသူ၊အခြေတကျမရှိသွားနေသူကို လွင့်ဂျာဟုခေါ်ပြီး ရခိုင်အသံထွက်နှင့်ရွှင့်ဂျာဟုပြောကြသည်။ရွှင့် သည်ရခိုင်စကားဖြစ်ပြီး ဂျာ သည်ကုလားစကားဖြစ်သည်။ထိုစကားမှ ရိုဟင်ဂျာဖြစ်လာသည်ဟုထင်ကြောင်း ပြောကြသော်လည်း မွတ်ဆလင်တို့အနေဖြင့် စကားလုံး၏အဓိပ္ပာယ်ကို မကြိုက်ကြချေ။သို့သော် အခြားအဓိပ္ပာယ်သက်ရောက်အောင် ဖန်တီးကာလူမျိုးတစ်မျိုးဖြစ်ရေး ဆောင်ရွက်လာသည်ကို တွေ့ရသည်။မည်သို့ဆိုစေ ရိုဟင်ဂျာသည်ယခင်ကတည်းက ရှိလာခဲ့သောလူမျိုးအမည်မဟုတ်ဘဲ တီထွင်ဖန်တီးထားသောဝေါဟာရသင်တစ်ခု ဖြစ်ကြောင်းသိနိုင်သည်။

မောင်တောမြို့နယ်သံယာ့နာယကဥက္ကဋ္ဌက နိုင်ငံတော်သံယာ့နာယကအဖွဲ့ကိုတင်ပြသည့်စာတွင်ရခိုင်ရွာဟောင်းဂျာအဖွဲ့ဟု အမည်ခံထားသောကုလားဆိုးတစ်စုသည် ဘင်္ဂလားဒေ့ရှ်သို့နိုလုံကာ ရွာဟောင်းဂျာဟူသော စာစောင်ကိုထုတ်ဝေပြီးကမ္ဘာသို့ ဖြန့်ချိထုတ်လွှင့်နေကြဆဲဖြစ်ပါသည်။[3]

ဟုဖော်ပြထားရာစတင်လှုပ်ရှားစဉ်က ရွာဟောင်းဂျာအမည်ဖြင့်စတင်ဖြစ်ပေါ်လာပုံရသည်ဟုယူဆရသည်။ဘူးသီးတောင်မှအသက်၈၂နှစ်ရှိသည့် အဘိုးတစ်ဦးက ပြောကြားသည်မှာ "ရိုဟင်ဂျာဆိုတာ အကောင်အထည်မရှိတဲ့တစ္ဆေနဲ့နပန်းလုံးနေရသလိုပါဘဲ၊ မရှိတဲ့အရာကို လိုက်ရှင်းနေရတာ"ဟုပြောကြားခဲ့သည်။[4]

ဘင်္ဂါလီတို့အနေဖြင့် ရိုဟင်ဂျာလူမျိုးဟုမိမိကိုယ်ကို သမိုင်းအထောက်အထားများပြကာခေါ်ဆိုနေသော်လည်း၊ရိုဟင်ဂျာလူမျိုးဟူ၍ မည်သည့်သမိုင်းစာအုပ်တွင်မျှ ၁၉၄၇ခုနှစ်အထိပါဝင်ခဲ့ခြင်းမရှိသည်ကိုတွေ့ရသည်။၁၉၄၇ ခုနှစ်နောက်ပိုင်းတွင် မွတ်ဆလင်ပညာတတ်အချို့က သမိုင်းကိုဖန်တီးယူကာတိုင်းရင်းသားလူမျိုးဖြစ်သယောင်ရေးသားထားခြင်းဖြစ်သည်ကိုတွေ့ရသည်။ဗြိတိသျှကိုလိုနီလက်ထက်ရေးသားထားသောအထောက်အထားစာအုပ်များ၊/သန်းခေါင်စာရင်းကောက်ယူခဲ့သည့် ၁၈၇၂ ခုနှစ်၊၁၉၀၁ ခုနှစ်၊၁၉၁၁ ခုနှစ်စာရင်းများတွင်လည်း ရိုဟင်ဂျာလူမျိုးဟူ၍ မရှိခဲ့ချေ။စစ်တကောင်းသားများအဖြစ်လည်းကောင်း၊ ဘင်္ဂါလီများဟုလည်းကောင်း ရေးသားမှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

---

၁ ရခိုင်ဘားမာန်(၂)၊ရခိုင်သမိုင်းသုတေသနအသင်း၊၁၉၉၆၊စာ ၃၉

၂ OH/P/0356/2009,တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာန

၃ မောင်တောမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏တင်ပြလွှာ၊ရက်စွဲ ၂၈-၉-၁၉၈၈

၄ OH/P/0361/2009,တွေ့ဆုံမေးမြန်းချက်၊၂၀-၂-၀၉

ရိုဟင်ဂျာသည် လူမျိုးတစ်မျိုးမဟုတ်ကြောင်း အခိုင်အမာသက်သေများဖြင့် နိုင်ငံတကာကျမ်းပြုဖွင့် တင်ပြသူများမှာ ဒေါက်တာအေးချမ်းနှင့် ဒေါက်တာအေးကျော်တို့ဖြစ်သည်။ ဒေါက်တာအေးချမ်း၏စာတမ်းမှာ (SOAS)တွင် ဖော်ပြခြင်းခံရသည်။[၁] ထို့အတူဒေါက်တာအေးကျော်ကလည်း နိုင်ငံတကာစာတမ်းဖတ်ပွဲတွင်တင် ပြခဲ့သည်။[၂] ရိုဟင်ဂျာအကြောင်းဂျပန်တွင် ရေးသားထုတ်ဝေခဲ့သည့်စာအုပ်ကို ဂျပန်ရောက်ရခိုင်များကပြန်လည် တုံ့ပြန်သည့်စာအုပ်တစ်အုပ်ကို ဂျပန်မှာပင် ထုတ်ဝေခဲ့သည်ကိုလည်းတွေ့ရှိရသည်။ဒေါက်တာအေးချမ်းနှင့်ရခိုင် သမိုင်းဆရာတို့က ရခိုင်ညွန့်ပေါင်းမဂ္ဂဇင်းများတွင် ယှဉ်ကပင်ထည့်သွင်းရေးသားခဲ့ကြသည်။[၃] အခြေခံအကြောင်း ရင်းသည်ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိသျှတို့ပြန်လည်ဝင်ရောက်သည့်အချိန်တွင် ရခိုင်တို့ကအင်္ဂလိပ်ဆန့်ကျင် ရေးလုပ်နေသဖြင့် အင်္ဂလိပ်တို့သည် ဘင်္ဂါလီများကို ၎င်းတို့၏လူယုံများအဖြစ် စည်းရုံးသိမ်းသွင်းကာV Force တပ်များတွင်အသုံးပြုခြင်း၊သတင်းထောက်လှမ်းခိုင်းခြင်းတို့ဖြင့် စည်းရုံးသိမ်းသွင်းခဲ့သည်။ထို့အပြင်မွတ်ဆလင် သီးခြားနယ်မြေအဖြစ် ဆောင်ရွက်ပေးမည်ဟု ကတိပေးကာသိမ်းသွင်းခဲ့သည်။စစ်ပြီးသည့်အခါ အင်္ဂလိပ်အစိုးရ ထံ ဘူးသီးတောင်၊မောင်တော၊ရသေ့တောင်မြို့နယ်၏ မေယုမြစ်အနောက်ဘက်ခြမ်းဒေသများအား မွတ်ဆလင် သီးခြားပြည်နယ်ထူထောင်ပေးရန်နှင့် Frontier Areaအဖြစ်သတ်မှတ်ပေးကာ တိုင်းရင်းသားလူမျိုးစုများနှင့်အတူ ပင်လုံညီလာခံတွင် အရေးဆိုခွင့်များကိုဂျမေတူအူလမာဘာသာရေးအဖွဲ့ကတောင်းဆိုခဲ့သည်။ထိုတောင်းဆိုချက် ကိုဗြိတိသျှအစိုးရက မလိုက်လျောသော်လည်း၎င်းတို့အတွက် နောက်တွင်ဆက်လက်လုပ်ဆောင်သင့်သည့်လမ်း ကြောင်းတစ်ခုကို မှတ်ချက်ချထားသည့်အထောက်အထားများကို တွေ့ရှိရသည်။ထိုမှတ်ချက်တွင် တိုင်းရင်းသား အဖြစ်တောင်းဆိုလျှင် လိုအပ်သည့်အချက်များကို ထောက်ပြခဲ့သည်။ကိုယ်ပိုင်ယဉ်ကျေးမှု၊ကိုယ်ပိုင်စာ၊ကိုယ်ပိုင် စကား၊ ကိုယ်ပိုင်အုပ်ချုပ်နေထိုင်လာခဲ့မှု စသည့်အချက်များပြည့်စုံမှသာ သီးခြားပြည်နယ် တောင်းဆိုပိုင်ခွင့်ရှိ ကြောင်း၊ထိုသို့မရှိသေးလျှင်လည်း နိုင်ငံသားများရပိုင်ခွင့်ကို အသုံးချကာ ဥပဒေပြုလွှတ်တော်သို့ရောက်အောင် ဆောင်ရွက်ပြီးလွှတ်တော်ထဲမှတစ်ဆင့် မိမိလိုချင်သောအချက်ကို ကိုင်လှုပ်နိုင်ကြောင်း မှတ်ချက်ချသွားခြင်းပင် ဖြစ်သည်။ထိုအချက်များသည် အင်္ဂလိပ်တို့အနေဖြင့် ၎င်းတို့တောင်းဆိုသောအချက်များကို လက်မခံဟုဆိုသော် လည်းနောင်အခါမည်သို့ဆောင်ရွက်ရမည်ကို လမ်းကြောင်းပေးလိုက်သည့်သဘောပင်ဖြစ်သည်။ထိုလမ်းကြောင်း အတိုင်းယနေ့လှုပ်ရှားနေသည်ကို တွေ့ရပေသည်။ ထိုလမ်းကြောင်းအတိုင်းပင် ပါလီမန်ခေတ်တွင်ရွေးကောက်ပွဲ ဝင်နိုင်အောင်ဆောင်ရွက်ခဲ့ရာ ပါကစ္စတန်နိုင်ငံသားဖြစ်သောဂဖါးပင်လျှင် အမတ်ဖြစ်လာသည်ကို တွေ့ရသည်။ လွှတ်တော်တွင် နေရာကောင်းများရရှိအောင် ဆောင်ရွက်ကာ၎င်းတို့၏အာဏာဖြင့် ဘူးသီးတောင်၊မောင်တော၊ရ သေ့တောင်နယ်များတွင် တစ်ဖက်နိုင်ငံမှဘင်္ဂါလီများကို အလုံးအရင်းသွင်းခွင့်ရရှိခဲ့ခြင်းဖြင့် ယနေ့လူဦးရေအဆ မတန်များပြားလာသော အခြေအနေကိုရောက်ရှိခဲ့ခြင်းသည်၎င်းတို့၏စနစ်တကျဆောင်ရွက်ခဲ့သည့် စီမံကိန်းဖြစ် သည်ကိုတွေ့ရသည်။ထို့အတူတိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်ကြောင်းကိုလည်းဗြိတိသျှတို့ပေးခဲ့သည့်လမ်းကြောင်း အတိုင်း ကိုယ်ပိုင်စာတီထွင်ခြင်း၊ကိုယ်ပိုင်စကားတီထွင်ခြင်း၊ကိုယ်ပိုင်ယဉ်ကျေးမှုရှိခဲ့ကြောင်းကို သမိုင်းလိပ်များ

---

၁ Dr.Aye Chan ,The Development of a Muslim Enclave in Arakan (Rakhine) State of Burma (Myanmar) ,SOAS Bulletin of Burma Research Vol.3 ,Autumn 2005 ,p-2

၂ Dr.Aye Kyaw ,The Rohingya and Rakhing ,http//:arakanland.com/index -4.html

၃ ရခိုင်တန်ဆောင်

ဖန်တီးပြုလုပ်ကာ မြောက်ဦးခေတ် ဘုရင်များသည်ပင်လျှင် ၎င်းတို့ယဉ်ကျေးမှုဖြင့် အုပ်ချုပ်ခဲ့သည့်ဘုရင်များ ဖြစ်ခဲ့ကြောင်း ရေးသားထုတ်လွှင့်လာသည်ကိုတွေ့ရသည်။

(၄)၁၉၆၂ နောက်ပိုင်းရခိုင်ပြည်နယ်ဘင်္ဂါလီမွတ်ဆလင်များ အခြေအနေ

သို့သော် မြန်မာနိုင်ငံ၏နိုင်ငံရေးအခြေအနေသည် ဗိုလ်ချုပ်ကြီးနေဝင်း၁၉၆၂ခုနှစ်တွင် အာဏာရယူပြီး နောက်ပိုင်းအသွင်တစ်မျိုးပြောင်းလဲသွားခဲ့သည်။ ရခိုင်ပြည်နယ်တောင်းဆိုမှုများ ခွဲထွက်လိုမှုများသည်လည်း ပျောက်ကွယ်သွားခဲ့သည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံရေးပါတီ အားလုံးကို ဖျက်သိမ်းခဲ့သည်။ ထို့ကြောင့် မွတ်ဆလင်ကုလားတို့၏ နိုင်ငံရေးလှုပ်ရှားမှုများသည်လည်း ခေတ္တ ငုပ်လျှိုးသွားခဲ့သည်။၁၉၆၉ ခုနှစ်တွင် ဘီအေဇော်ဖောခေါင်းဆောင်သော မြေအောက်သောင်းကျန်းသူများသည် တောင်ပိုင်းနှင့်မြောက်ပိုင်းဒေသများတွင် ပြန်လည်ဆူပူလှုပ်ရှားမှုများကို စတင်ခဲ့ကြသည်။[၁] ၁၉၇၄ခုနှစ်တွင်ဘီ အေဇော်ဖောအဖွဲ့သည် တပ်မတော်ထိုးစစ်ကြောင့် တဖြည်းဖြည်းပြိုကွဲသွားသည်။ ဘူးသီးတောင်၊မောင်တောရှိ မူဂျာဟစ်သူပုန်များသည်လည်း တပ်မတော်ထိုးစစ်ကြောင့် တစ်ဖက်နိုင်ငံသို့ထွက်ပြေးခဲ့ကြသည်။[၂]

တော်လှန်ရေးအစိုးရသည် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီကိုတည်ထောင်ပြီး တစ်ပါတီစနစ်ဖြင့်ဆက် လက်အုပ်ချုပ်ခဲ့သည်။ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲရေးအတွက် (၁၉၇၁)ခုနှစ်တွင် ပြည်သူတို့ထံအကြံဉာဏ် ပေးရန်တောင်းခံခဲ့သည်။ထိုအချက်ကို အခွင့်ကောင်းယူပြီးမြေပေါ်မြေအောက်မွတ်ဆလင်ကုလားများ ပြန်လည် ခေါင်းထောင်လာခဲ့သည်။၎င်းတို့က ရိုဟင်ဂျာအမည်ခံမွတ်ဆလင်တို့အတွက် အခွင့်အရေးတောင်းသော"ရိုဟင် ဂျာလူမျိုးများက အကြံပေးဆန္ဒပြုစာတမ်း"ဟူသော အမည်ပါစာတမ်းကို အစိုးရသို့တင်ပြခဲ့သည်။မောင်တောမြို့ နယ်ပြည်သူများ၏သဘောထားနှင့် အကြံပေးချက်များတွင်ရိုဟင်ဂျာကိုတိုင်းရင်းသားအဖြစ် အသိအမှတ်ပြုပေး ရန် အကြံပြုထားသည်ကိုတွေ့ရသည်။[၃] ဘူးသီးတောင်မြို့နယ်မှ အကြံပေးချက်တွင် ဦးဇဟီးအာမတ်ကဘူးသီး တောင်နှင့်မောင်တောကို မေယုခရိုင်အဖြစ်ဖွဲ့စည်းပေးရန်၊မေယုခရိုင်ရှိ မွတ်ဆလင်များကို ရိုဟင်ဂျာလူမျိုးအဖြစ် ပြဋ္ဌာန်းရန် တောင်းဆိုအကြံပေးထားသည်။၎င်းနယ်မှ ဆွေရောဟာဘစ်က ရိုဟင်ဂျာလူမျိုးကို တိုင်းရင်းသားလူ မျိုးအဖြစ် သတ်မှတ်ခွင့်ပြုပါရန်၊မိုဟာမတ်ရှော်ဖိကရိုဟင်ဂျာကို လူမျိုးတစ်မျိုးအဖြစ် ပြဋ္ဌာန်းပေးရန်တောင်းဆို မှုများပြုလုပ်ခဲ့သည်ကိုတွေ့ရသည်။[၄]

သို့ရာတွင် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရသည် မွတ်ဆလင်တို့၏တောင်းဆိုချက်ကို ဖယ်ရှား ကာ ရခိုင်နှင့်မွန်ကို ပြည်နယ်ပေးခဲ့သည်။ထို့အပြင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီထဲတွင် ဘူးသီးတောင်၊မောင် တောမြို့နယ်များရှိ၊စစ်တကောင်းသားမွတ်ဆလင်များအား ပါတီ၊ကောင်စီအာဏာပိုင်အဖွဲ့အစည်းများတွင်ပါဝင် ခွင့်ကို ကန့်သတ်ထားခဲ့သည်။သို့သော်မွတ်ဆလင်ကုလားဦးရေမှာ တိုးမြဲတိုးနေသည်ကိုတွေ့ရသည်။

---

၁ မောင်တောမြို့နယ်ဖြစ်စဉ်သမိုင်း၊စာ ၄၉

၂ မောင်တောမြို့နယ်ဖြစ်စဉ်သမိုင်း၊စာ ၅၁

၃ လုပ်သားပြည်သူများ၏သဘောထားဆန္ဒနှင့်အကြံပေးချက်၊နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(မူကြမ်း)ရေးဆွဲခြင်းကော်မရှင်၊မောင်တောမြို့နယ်၊၁၉၇၃၊စာ၇

၄ လုပ်သားပြည်သူများ၏သဘောထားဆန္ဒနှင့်အကြံပေးချက်၊နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲခြင်းကော်မရှင်၊မောင်တောမြို့နယ်၊၁၉၇၃၊ စာ၃-၄

၁၉၇၂-၇၃ ခုနှစ်တွင် အစိုးရကဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးနှင့်အတည်ပြုရေးအတွက်အလုပ်များနေချိန်ကို အခွင့်ကောင်းယူကာ ဘင်္ဂါလီများအများအပြားတိတ်တဆိတ် ဝင်ရောက်လာခဲ့ကြသည်။၁၉၇၃ခုနှစ်မတ်လနှင့်ဧပြီလတွင် ရွေးကောက်ပွဲမဲစာရင်းပြုစုရန် ကွင်းဆင်းသည့်အခါ တရားမဝင်နေထိုင်သူအများအပြားအဖမ်းခံခဲ့ရသည်။သို့သော်ထိုအခွင့်အရေးကို လက်မလွှတ်ဘဲတစ်ဖက်နိုင်ငံမှမော်လဝီနှင့်မွတ်ဆလင်ခေါင်းဆောင်များကတစ်ဖွဲ့လျှင် ၁၂၀မှ၃၀ကြား အစုလိုက်ဘူးသီးတောင်၊မောင်တောနယ်ထဲသို့စေလွှတ်ခဲ့ကြောင်းသိရသည်။[၁] တရားမဝင်ဝိုးဝင်လာခြင်းကို ထောက်ပြသည့်၂-၇-၇၆နေ့ထုတ် အင်္ဂလိပ်ဘာသာဖြင့်ရေးသားသော လုပ်သားသတင်းစာတွင်"၁၉၆၂ခုနှစ်တွင် မောင်တောနယ်၌ဗုဒ္ဓဘာသာမဟုတ်သူ ၈၈၅၃၉ဘူးသီးတောင်မြို့နယ်၌၄၉၆၀၀၊ ရသေ့တောင်မြို့နယ်၌ ၁၁၂၅၃ဦးရှိရာမှ၁၉၇၂ခုနှစ်တွင် မောင်တောမြို့နယ်၌ ၂၀၆၈၅၉ဘူးသီးတောင်၌၁၃၀၂၇၅၊ ရသေ့တောင်မြို့နယ်တွင် ၁၈၆၇၀ဦးရေအထိ လျင်မြန်စွာတိုးပွားလာသည်ကိုတွေ့ရသည်။မြန်မာနိုင်ငံ၏လူဦးရေတိုးတက်မှုသည် နှစ်စဉ် ၂.၃ရာခိုင်နှုန်းတိုးတက်လျက်ရှိရာ ဆယ်နှစ်အတွင်းပုံမှန်မဟုတ်သည့် ဝိုးနှုန်းများဖြစ်ပွားနေသည်ကို တွေ့ရသည်။----ပုံမှန်မဟုတ်သောလူဦးရေ တိုးပွားလာမှုသည်နယ်ခြားမှတစ်ဆင့် ရခိုင်ဒေသအတွင်းသို့တရားမဝင်ဝိုးဝင်လာခြင်းဖြစ်သဖြင့် ဓိစစ်သင့်ကြောင်း၊အမျိုးသားရေးအမြင်ဖြင့် ကြည့်သင့်ကြောင်း" ဟုပြည်သူတစ်ဦးက ရေးသားထားသည်ကို တွေ့ရသည်။[၂]

ထို့ကြောင့် ပြည်ပမှနိုင်ငံခြားသားများတရားမဝင် ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးရန်ရည်ရွယ်ကာ နဂါးမင်းစီမံချက် တစ်နိုင်ငံလုံးတွင် စစ်ဆေးရေးတစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့သည်။ထိုစီမံချက်အရ စစ်တကောင်းကုလားအများအပြား တရားမဝင်နေထိုင်ရာ ရခိုင်ပြည်နယ်မြောက်ပိုင်းမှစတင်ဆောင်ရွက်ခဲ့သည်။ ထိုစီမံချက်ကို ၁၉၇၈ခုနှစ် ဖေဖော်ဝါရီလ ၁၁ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။[၃] စစ်ဆေးမှုကိုရင်မဆိုင်ရဲသော စစ်တကောင်းသားဘင်္ဂါလီကုလားတို့သည် ထိတ်လန့်တုန်လှုပ်ကာ ရခိုင်ပြည်နယ်မြောက်ပိုင်းမြို့နယ်များမှဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။

ထိုကာလအတွင်းထွက်ပြေးခဲ့သော အိမ်ထောင်စုပေါင်း ၂၅၉၈၅ဖြစ်ပြီး လူဦးရေအားဖြင့် ၁၅၆၆၉၉ဖြစ်သည်။[၄] နဂါးမင်းစီမံချက်ကြောင့် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးသွားသော နိုင်ငံခြားသားမွတ်ဆလင်တို့ကို အကြောင်းပြု၍ရိုဟင်ဂျာအမည်ခံ မွတ်ဆလင်တို့၏မြေအောက်လှုပ်ရှားမှုများ ပြန်လည်ခေါင်းထောင်လာပြန်သည်။ ၎င်းတို့က နိုင်ငံခြားသတင်းစာ၊ဂျာနယ်များမှတစ်ဆင့် မြန်မာအစိုးရက မွတ်ဆလင်များကိုမျိုးဖြုတ်အောင်သုတ်ဖြတ်နေသည်ဟုသတင်းလွှင့်ရေးသားခဲ့ကြသည်။ဘင်္ဂလားဒေ့ရှ်အစိုးရကလည်းထွက်ပြေးလာသူများကို မိမိတို့နိုင်ငံသားများ မဟုတ်သဖြင့် လုံးဝတာဝန်မယူနိုင်ကြောင်းကြေညာခဲ့သည်။ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ မလေးရှားစသောမွတ်ဆလင်နိုင်ငံတို့မှ ထုတ်ဝေသည့်သတင်းစာများကလည်းမြန်မာနိုင်ငံအစိုးရကိုဝိုင်းဝန်းရှုံ့ချခဲ့ကြသည်။ ထို့ကြောင့် ကုလသမဂ္ဂမှကြားဝင်ကာ ထွက်ပြေးသွားသောမွတ်ဆလင်တို့ကို ဒုက္ခသည်များအဖြစ်သတ်မှတ်ကာ စားနပ်ရိက္ခာ၊ဆေးဝါးတို့ကို ထောက်ပံ့ကူညီပေးခဲ့သည်။ထိုပြဿနာကို မြန်မာအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရ

---

၁ D1317

၂ Working People's Daily ,2-7-76

၃ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊စာတမ်းဖတ်ပွဲ၊လူမှုရေးကဏ္ဍ၊လက်နှိပ်စက်မူ၊ စာ ၂၀၃-၂၀၅

၄ ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊စာတမ်းဖတ်ပွဲ၊လူမှုရေးကဏ္ဍ၊လက်နှိပ်စက်မူ၊ စာ ၂၀၆

တိုက်ဆွေးနွေးဖြေရှင်းရန်လည်း ခေစပ်ပေးခဲ့သဖြင့် နှစ်နိုင်ငံအစိုးရများခေစပ်ဆွေးနွေးခဲ့ကြသည်။အဆိုပါကိစ္စကို အကြောင်းပြု၍ စစ်တကောင်းသားမွတ်ဆလင်တို့သည် ရိုဟင်ဂျာမျိုးချစ်တစ်ဦး (R.P.F) (Rohingya Patriot Front)နှင့်ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့(R.S.O)(Rohingya Solidarity Organization)ဟူသည့်မြေအောက်လုပ်ရှားမှုအဖွဲ့နှစ်ဖွဲ့သည် တစ်ဖက်နိုင်ငံတွင် ခြေကုတ်ယူကာလှုပ်ရှားလာခဲ့သည်။၎င်းအဖွဲ့နှစ်ဖွဲ့သည် ပူးပေါင်းခဲ့ပြီး အာရက္ခန်ရိုဟင်ဂျာလွတ်မြောက်ရေးတပ်ဦး (A.R.I.F) ကိုဖွဲ့စည်းလိုက်သည်။ စစ်တကောင်းနယ်တွင် အခြေစိုက်နေထိုင်ကြပြီး အာရပ်နိုင်ငံများ၊တူရကီနှင့် ဆော်ဒီအာရေးဗျနိုင်ငံရှိ အစ္စလာမ်အဖွဲ့အသီးသီးတို့ထံအကူအညီရရှိသည်။

၎င်းတို့သည်မိမိကိုယ်ကို ရခိုင်တိုင်းရင်းသားရိုဟင်ဂျာလူမျိုး မွတ်ဆလင်များအဖြစ် ခံယူပြီးမောင်တောဘူးသီးတောင်မြို့နယ်များကို ရိုဟင်ဂျာပြည်နယ်အဖြစ် ထူထောင်ပေးရန်တောင်းဆိုကြသည်။အဖွဲ့၏ကြေညာစာတမ်းတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် ရိုဟင်ဂျာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် ပေးရန် တောင်းဆိုခဲ့သည်ကိုတွေ့ရသည်။ဦးဖော်ဇံက "ပြည်ထောင်စုမြေကို စစ်တကောင်းသားများလိုချင်၍ ပုန်ကန်နေကြခြင်းဖြစ်ကြောင်း၊ထိုအချက်ကို လွတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရသည်လေးလေးနက်နက်စဉ်းစားပြီး ပါကစ္စတန်တိုင်းပြည်နှင့်အချိန်မီဆွေးနွေးတိုင်ပင်လျက် ရှင်းလင်းရန်သင့်ပေသည်။ဤနယ်စပ်အရေးကြောင့်ပထမအာဂ်လိပ်မြန်မာစစ်ပွဲဖြစ်ခဲ့ရသည်။ယခုတစ်ဖန် ဤနယ်စပ်အရေးကြောင့်နှစ်နိုင်ငံခိုက် ဝမ်းကွဲမှုမပေါ်ပေါက်စေရန်အချိန်မီတားဆီးသင့်ပေသတည်း" ဟုရေးသားထားသည်ကို တွေ့ရသည်။[၂]

(၄) ၁၉၈၈ အရေးအခင်းနောက်ပိုင်းရိုဟင်ဂျာအမည်ဖြင့် လှုပ်ရှားမှု

၁၉၈၈ အတွင်း ဖြစ်ပျက်ခဲ့သော ဒီမိုကရေစီအရေးအခင်းကာလ လူထုအုံကြွမှုကိုအခွင့်ကောင်းယူကာ မွတ်ဆလင်လှုပ်ရှားမှုများလည်း ချိန်ကိုက်လှုပ်ရှားလာသည်ကိုတွေ့ရသည်။၎င်းတို့ကမောင်တောတွင် ဂဇအရေးအခင်းမတိုင်မီကပင် စီစဉ်ခဲ့ရာ၎င်းမှာ ၁၃-၅-၈၈ ရက်နေ့၌ ရခိုင်တိုင်းရင်းသားများအားလုပ်ကြံပြီး တစ်ဖက်နိုင်ငံမှဘင်္ဂါလီများကို ချက်ချင်းအစားထိုးရေးကြံစည်ခဲ့ခြင်းပင်ဖြစ်သည်။ မွတ်ဆလင်တို့အနေဖြင့် ဒုတိယကမ္ဘာစစ်ကာလရခိုင်-ကုလားအဓိကရုဏ်းတွင် ရခိုင်များကိုဘူးသီးတောင်၊မောင်တောနယ်မှ မောင်းထုတ်ခဲ့သည့် မေ ၁၃ ရက်နေ့ကို ၎င်းတို့အောင်ပွဲနေ့အဖြစ် သတ်မှတ်ထားသဖြင့် ၁၉၈၈ခုနှစ် မေ ၁၃ ရက်အတွင်းလည်း ထိုရည်ရွယ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်ကို သိရှိရသည်။[၃] ထိုနေ့သတွင် ဘင်္ဂါလီလူမျိုးငါးသောင်းခန့်က မြို့ပေါ်ရှိအာဏာပိုင်ပုဂ္ဂိုလ်များ မရှိခြင်းကို အခွင့်ကောင်းယူကာ ရခိုင်သားများကိုသတ်ပင်ကြ၊ဘုရားရှင်အလိုကျဘာသာရေးတိုက်ပွဲဆင်နွှဲကြ ဟုကြွေးကြော်ကာ မြို့ကိုဝိုင်းရံလာကြသည်။ထိုအချိန်ကမြို့တွင်း တွင် လုံခြုံရေးအခြေအနေ အားနည်းနေခြင်းကို အခွင့်ကောင်းယူကာစနစ်တကျ ပိတ်ဆို့ပြီး မောင်တောမြို့ကိုအပြီးအပိုင်သိမ်းပိုက်ရန်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ဝိုင်းရံထားသောဘင်္ဂါလီများကို အတင်းဖောက်ထွက်ကာတပ်ကိုသွားရောက်အကူအညီတောင်းရန် ကြိုးပမ်းခဲ့ကြရသည်။ရဲနှင့်လုံထိန်းတပ်က ရခိုင်ပြည်သူများနှင့်အတူ ခုခံ

---

၁ ဦးကံကောင်း၊ မိုးမှုန့်ရယ် မြတ်ခင်၊ သစ်မဂ္ဂဇင်း၊ အမှတ်စဉ်(၂၅)၊ ၁၉၉၂၊ စာ ၈၃

၂ ဇော်မင်း၊ ရခိုင်နယ်စပ်မှ ဗိုလ်ချုပ်၊ ပျိုးပညာဝေ မဂ္ဂဇင်း၊ နှစ်လည်(၁၉၅၂-၅၃)၊ စာ ၂၀

၃ OH/P/0360/2009, တွေ့ဆုံမေးမြန်းချက်၊ သမိုင်းသုတေသနဦးစီးဌာန၊ ဇော်ကွန်း၊ ၄၁၃၃

သဖြင့် ၎င်းတို့ကြံရွယ်ချက်မအောင်မြင်ချေ။အောင်မြင်ခဲ့ပါက မောင်တောကို မွတ်ဆလင်နယ်မြေအဖြစ် သွတ်သွင်းရန်ကြံစည်ခဲ့ကြသည်။[၁] ထိုသိမ်းပိုက်ရန်ကြံစည်ချက်အောင်မြင်သည်နှင့် မောင်တောမြို့မှမီးရောင်ပြင်သည်နှင့်နီးစပ်ရာရခိုင်ရွာငယ်များကို အပြတ်ရှင်းရန် စီစဉ်ပြီးဖြစ်သည်ကိုသိရသည်။[၂] ထိုသို့မောင်တောကိုပိုင်းရုံတိုက်ခိုက်ရန်ဆောင်ရွက်မှုတွင်မောင်တောရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီးဘဒူမြာကိုယ်တိုင် ဦးဆောင်ပါဝင်ခဲ့ရာအစိုးရအဖွဲ့အစည်းအတွင်း ဝင်ရောက်တာဝန်ထမ်းဆောင်နေသော မွတ်ဆလင်များပင်လျှင် မောင်တောတွင်စိတ်ချရသည့်အဆင့်မရှိသည်ကိုတွေ့ရှိရသည်။[၃] ဤအရေးအခင်းသည် ၁၉၄၂ခုနှစ်ကုလား–ရခိုင်အဓိကရုဏ်းဖြစ်ပွားပြီးနောက်ပိုင်းအကြီးကျယ်ဆုံးလူထုအင်အားပြဆန့်ကျင်မှု ဖြစ်သည်။မောင်တောမြို့လူထုအနေဖြင့် နာရီပိုင်းအတွင်းမြို့ကျဆုံးနိုင်သည့် အခြေအနေမျိုးရင်ဆိုင်လာရသည်။မောင်တောမြို့နယ်သံဃာ့နာယကဥက္ကဋ္ဌက ဗဟိုသံဃာ့နာယကအဖွဲ့ထံ တင်ပြသည့်စာတွင်–

> ၁၃–၅–၈၈ သောကြာနေ့ည (၉)နာရီကျော်တွင် ကုလားငါးသောင်းခန့် မောင်တောမြို့ကိုတောင်ဘက်၊ အရှေ့ဘက်၊မြောက်ဘက်တို့မှဝိုင်းရံပြီးရခိုင်ဗုဒ္ဓဘာသာများကို သတ်ပစ်ရန်ကြိုးပမ်းခဲ့ကြပါသည်။ယင်းနေ့က အမှတ်(၄)ရပ်ကွက်ရှိ မြို့သစ်ဘုန်းကြီးကျောင်းကို လက်တင်ဖျက်ဆီးခဲ့ကြပြီးဗဟိုကျောင်းတိုက်ကို ဝိုင်းရံထားခဲ့ကြပါသည်။ပြည်သူ့ရဲတပ်ဖွဲ့နှင့် အမှတ်(၂)လုံထိန်းတပ်ရင်းတို့၏ အချိန်မီတားဆီးနိုင်မှုကြောင့် ရခိုင်များကွပ်မျက်ခံရမှုဘေးမှ လွတ်မြောက်ခဲ့ပါသည်။၎င်းတို့၏ လုပ်ရပ်သာအောင်မြင်ခဲ့ပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှလူနှစ်သိန်းခွဲကို ချက်ချင်းသွင်းယူပြီးမွတ်ဆလင်နယ်မြေအဖြစ် သိမ်းပိုက်ကာဘင်္ဂလားဒေ့ချ်နိုင်ငံ၏အစိတ်အပိုင်းအဖြစ်သွတ်သွင်းရန်ကြိုးစားယုတ်မာသောကြံစည်မှုကြီးဖြစ်ပါသည်[၄]

ဟုတင်ပြထားသည်ကို တွေ့ရသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် မောင်တောမြို့မကြည်တော်အထက်ကျောင်းတွင် စစ်တွေမှရောက်ရှိလာသောဒီမိုကရေစီသပိတ်တိုက်ပွဲခေါင်းဆောင်များနှင့် ငြိမ်းချမ်းရေးခေါင်းဆောင်များတရားဟောပြောရာတွင် မောင်တောမှဘင်္ဂါလီခေါင်းဆောင် ဒေါက်တာထွန်းအောင်(အဒူလောက်)က ၁၉၈၈ခုနှစ် မေလက မွတ်ဆလင်အင်အားပြဆန္ဒပြမှုကြီးသည် မြန်မာနိုင်ငံတွင်ပထမဆုံးသောဒီမိုကရေစီအခွင့်အရေးအတွက်လှုပ်ရှားမှုဖြစ်ကြောင်း ဟောပြောသွားသည်။၎င်းအပြင် စစ်တွေမြို့မှကုလားရှေ့နေ ရွှေမောင်ဆိုသူကလည်း ကုလားတို့မှာရိုဟင်ဂျာများဖြစ်ကြောင်း၊ ရခိုင်ပြည်သို့ ဝင်ရောက်လာသည်မှာ အေဒီ ၆၀၀ ခန့်ကပင်ဖြစ်ကြောင်း၊အခွင့်အရေးရလျှင်တိုင်းရင်းသားများနှင့် တန်းတူရရှိမည်ဖြစ်ကြောင်း ဟောပြောသွားသည်ကိုတွေ့ရသည်။[၅] ထိုဟောပြောပွဲသည် ရခိုင်နှင့် ကုလားငြိမ်းချမ်းစွာနေထိုင်ပြီး ဒီမိုကရေစီရေးကိုတောင်းဆိုကြရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့သော်လည်း ဘင်္ဂါလီများမှာ ရရှိသည့်အခွင့်အရေးကို အရယူပြီး မမှန်ကန်သည့်သမိုင်းကြောင်းများကို တင်ပြသွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။[၆]

---

၁ မိုးကံကောင်း၊"မေ့မရနိုင်သော မြင်ကွင်းမှ"ခင်းသစ်မဂ္ဂဇင်း၊အမှတ်စဉ်(၂၅)၊၁၉၉၂၊စာ ၈၇

၂ OH/P/0355/2009,တွေ့ဆုံမေးမြန်းမှုကို သမိုင်းသုတေသနဦးစီးဌာနမော်ကွန်းဌာနရှိ။

၃ D1316 ရိုဟင်ဂျာမတာန်းပြုစုတင်ပြခြင်းကွန်ပြူတာမှုစာ ၈

၄ မောင်တောမြို့နယ်သံဃာ့နာယကဆရာတော်အရေးအခင်းနှင့် ပတ်သက်တင်ပြလျှောက်ထားမှုကို၊၂၈–၂–၂၀၀၀

၅ ဘုံပေါက်သာကျော်၊ရခိုင်ပြည်နယ်နှင့်ရိုဟင်ဂျာအမည်ခံဘင်္ဂါလီများပြဿနာ၊စာတမ်း၊စာ၁၄၆ ၆ D1316၊သမိုင်းသုတေသနဦးစီးဌာနမော်ကွန်းဌာနရှိစာ၈

မြန်မာတစ်နိုင်ငံလုံး လူထုလူတန်းစားပေါင်းစုံ ပါဝင်ဆန္ဒပြထကြွခဲ့သောတစ်ပါတီအာဏာရှင်စနစ်ဆန့်ကျင်ရေးလှုပ်ရှားမှုသည် အစိုးရကိုပြုတ်ကျစေခဲ့သော်လည်း ၁၉၈၈ စက်တင်ဘာလ ၁၈ရက်နေ့တွင် စစ်တပ်မှအခြေအနေကိုထိန်းသိမ်းလိုက်ခြင်းကြောင့် ပြိုကွဲသွားသည်။တပ်မတော်အစိုးရကတစ်နိုင်ငံလုံးကိုစစ်အုပ်ချုပ်ရေးကြေညာပြီးအုပ်ချုပ်ခဲ့သည်။သို့သော် ပြည်သူတို့လိုလားသော ပါတီစုံဒီမိုကရေစီ စနစ်ကိုလက်ခံ၍ ၁၉၉၀ပြည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပပေးမည်ဟု ကြေညာခဲ့သည်။

တပ်မတော်အစိုးရ၏ ဖိတ်ခေါ်ချက်အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ကြရာ ပါတီပေါင်း (၂၀၀)ကျော်မှတ်ပုံတင်ခဲ့ကြသည်။ ယင်းပါတီများထဲ မွတ်ဆလင်ပါတီအမျိုးမျိုးလည်း ပါဝင်သည်။၎င်းတို့အနက် "အမျိုးသားပါတီ"က ၃၁-၃-၈၉ နေ့စွဲဖြင့် -ရိုဟင်ဂျာနိုင်ငံရေးသမိုင်းနှင့် အနာဂတ်ရခိုင်ပြည်ဟူသောစာတမ်းကိုထုတ်ဝေခဲ့သည်။၎င်းစာအုပ်တွင်ယခုအခါရိုဟင်ဂျာဟုခေါ်သူများကို ရခိုင်တိုင်းရင်းသားလူမျိုးများအဖြစ်ယုံကြည်လက်ခံကြောင်းရေးသားထားသည်။[1] မတည်ငြိမ်သော အခြေအနေကိုအခွင့်ကောင်းယူကာ နိုင်ငံရေးအမြတ်ထုတ်ရန် ဘင်္ဂါလီမွတ်ဆလင်တို့၏ ကြိုးပမ်းချက်သည်ထိုကာလတွင် ပိုမိုထင်ရှားခဲ့သည်ကိုတွေ့ရသည်။၂၀၀၃ ခုနှစ်တွင် ဂျပန်တွင်အခြေစိုက်သည့်(မြန်မာနိုင်ငံရိုဟင်ဂျာများအသင်း-ဂျပန်ပြည်)မှ ဇော်မင်းထွဋ် ရေးသားထုတ်ဝေသည့် "ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားရိုဟင်ဂျာများ"စာအုပ်သည် ရိုဟင်ဂျာကို တိုင်းရင်းသားလူမျိုးတစ်မျိုးအဖြစ် အသိအမှတ်ပြုလာအောင် ကြိုးပမ်းချက်တစ်ရပ်ပင်ဖြစ်သည်။[2]

ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်သော မွတ်ဆလင်ပညာတတ်များအနေဖြင့်မွတ်ဆလင်နိုင်ငံများ၏ (အထူးသဖြင့် ဆော်ဒီအာရေဗီးယား) အထောက်အပံ့ကိုယူကာ ရိုဟင်ဂျာတိုင်းရင်းသားဖြစ်ရေးလှုပ်ရှားမှုများပြုလုပ်လာသည်ကိုတွေ့ရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကမ္ဘာ့မီဒီယာလောကတွင် လက်ဦးမှုရယူရန်(Wed Site )ထောင်ခြင်း၊ဆွေးနွေးပွဲများပြုလုပ်ခြင်းတို့ ဆောင်ရွက်လာသည်။အင်တာနက်တွင်လေ့လာကြည့်သည့်အခါ ရိုဟင်ဂျာဝက်ဘ်ဆိုက်များ အများအပြားရှိသည်ကိုတွေ့ရပြီး (Search Engine )ကောင်းသဖြင့် အင်တာနက်၏နေရာတကာတွင် တက်လာသည်ကိုတွေ့ရပါသည်။ ၎င်းတို့၏ဝက်ဘ်ဆိုက်များတွင် ( Rohingya Language & Rohingya Culture )စသည်တို့ ထည့်သွင်းထားသည့်အပြင် ရိုဟင်ဂျာဘာသာစကားသင်နည်းကိုပါ ထည့်သွင်းလာပါသည်။ထို့အပြင်၎င်းတို့တွင် စာမရှိသဖြင့် အူရဒူဘာသာစကားကို သုံးလျှင်လည်း တစ်ဖက်နိုင်ငံသားဟုယူဆကြမည်ကို တွက်ဆကာ အခြားဘာသာစကားများနှင့်မတူဘဲ သီးခြားအသွင် သီးခြားစကားရှိသည့်ပုံစံဖြင့် Roman စာဖြင့် တီထွင်ရေးသားနေသည်ကို တွေ့ရသည်။အာရဗီ၊ အူရဒူဘာသာစကားများကို ပေါင်းစပ်ကာ စာအသစ်တီထွင်ပြီး နိုင်ငံသစ်တစ်ခုလုပ်ရန် ကြံစည်ခြင်းဖြစ်သည်။တစ်နည်းဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှုရှိသောလူမျိုးများဟူသည့် အမိပ္ပာယ်ရောက်ရှိအောင် စနစ်တကျဆောင်ရွက်နေခြင်းပင် ဖြစ်သည်။

အခြားလုပ်ဆောင်ချက်တစ်ခုမှာ ရိုဟင်ဂျာလူမျိုးအမှန်တကယ်ရှိကြောင်း နိုင်လုံစေရန် နိုင်ငံတကာစာတမ်းဖတ်ပွဲများကျင်းပခြင်း၊စာတမ်းဖတ်ပွဲများတွင် ပါဝင်ဖတ်ကြားစေခြင်းတို့ဖြစ်သည်။ ထိုသို့စာတမ်းဖတ်ကြားရာတွင်၎င်းတို့ကိုယ်တိုင်ဖတ်ကြားခြင်းမဟုတ်ဘဲ နိုင်ငံတကာတွင်နေရာရပြီးဖြစ်သည့်ပညာရှင်များကို ရိုဟင်ဂျာ

---

၁ မောင်ဆောင်ကြို့နယ်ပြစ်ငဉ်သနိုင်၊စာ ၁၄၉

၂ ဇော်မင်းထွဋ်၊ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားရိုဟင်ဂျာများ၊(ပထမအကြိမ်)၊ Maruyama Corp.Tokyo ၊၂၀၀၃

လူမျိုးရှိကြောင်းမှတ်တမ်းများမပါကြားမပြောင်းဖြစ်သည်ဟုသိရသည်။ထို့အတူရိုဟင်ဂျာသမိုင်းရှိဟင်ဂျာပညာရှင်များ မှ ဝေလေ့လာဆုံးစဲ စာသည်ဖြင့်စာအုပ်များကို သမိုင်းဆရာများအား ရေးသားနိုင်းကာ ထုတ်ဝေမှုများပြုလုပ်လာသည် ကိုတွေ့ရသည်။

တစ်ချိန်တည်းမှာပင်ဒေသတွင်းမော်လဝီဆရာများအနေဖြင့် လူငယ်အားလုံးအာရဗီစကားသင်ကြားခြင်း ကို နံနက်တစ်ကြိမ်ညနေတစ်ကြိမ် သင်ပိုင်းသည်ကိုတွေ့ရသည်။ထိုသို့ဆောင်ရွက်သဖြင့် ယခင်သုံးစွဲမှုသည့် ၎င်းတို့၏ဘင်္ဂါလီစကားယဲသို့ အာရဗီစကားရောစပ်လိုက်ပြီး ၎င်းတို့သည်စစ်တကောင်းဘက်ကလာသည့်လူမျိုး မဟုတ်သဖြင့် စကားလည်းမတူကြောင်း၊အေဒီ ရော့စနစ်က ရောက်ရှိလာသည့်အာရပ်ကုန်သည်များမှတစ်ဆင့် အခြေချနေထိုင်သူများဖြစ်ကြောင်းဟူသည့်လမ်းကြောင်းကို ရောက်ရှိအောင်စနစ်တကျပြင်ဆင်ထားပြင်းဖြစ်သည် ကိုတွေ့ရသည်။

ရခိုင်ပြည်နယ်အတွင်းမွတ်ဆလင်များ၏လုပ်ဆောင်မှုမှန်သမျှသည် မော်လဝီဆရာတို့၏ညွှန်ကြားချက် အပေါ် မူတည်ဆောင်ရွက်နေခြင်းပင် ဖြစ်သည်။တစ်နည်းအားဖြင့် ၎င်းတို့ဖြစ်ချင်သောဆန္ဒကို မွတ်ဆလင်များ ကအကောင်အထည်ဖော်ရခြင်းပင် ဖြစ်သည်။ဘာသာရေးဖြင့်အရာရာကိုထိန်းချုပ်ထားသည့်သဘောပင်ဖြစ်သည်။ ဘူးသီးတောင်၊မောင်တောဒေသတွင် မွတ်ဆလင်ဘာသာဝင်အမျိုးသမီးများသည်ခေါင်းမြီးခြုံရမည်၊ဗီဒီယိုရုပ်ရှင် ကြည့်ခွင့်မရှိဟု မော်လဝီဆရာက သတ်မှတ်ထားသည်။မော်လဝီဆရာတို့အနေဖြင့် နိုင်ငံတကာမွတ်ဆလင်အဖွဲ့ များနှင့်ကွန်ယက်ဆက်နွယ်မှု ရှိနေသဖြင့် ၎င်းတို့ဆောင်ရွက်ချက်များသည်စနစ်တကျစီမံကိန်းများရှိပုံရပေသည်၊ အချို့မော်လဝီဆရာများသည် ပြည်ပတွင်သင်တန်းအဆင့်ဆင့်တက်ပြီး ပြန်လာသူများဖြစ်ကြောင်းသိရှိရသည်။ ပြည်ပမှအထောက်အပံ့ပေးမှုအခြေအနေကိုလေ့လာသည့်အခါ မောင်တောမြို့နယ်၊အလယ်သံကျော်ရွာရှိဗလီတစ်ခု ပင်လျှင်တစ်နှစ်လျှင်မြန်မာငွေသိန်း(၃၀၀) အထောက်အပံ့ရသည်ဟုသိရှိရသည်။ထိုရွာတွင်အိမ်ခြေ ၃၇၀၀ကျော် ရှိရာအိမ်ထောင်စုတိုင်းတွင် (၁)ဦးမှ(၃)ဦးအထိ ဆော်ဒီအာရေဗျ၊ဒြစတေးလျ၊မလေးရှားတို့တွင်အလုပ်လုပ်ကိုင် သူများရှိကြောင်း သိရှိရသည်။[၁] ၎င်းငွေများ ပြန်လည်ဝင်ရောက်လာသည့်အခါအဆိုပါဒေသ၏စီးပွားရေးအခြေ အနေကို ပိုမိုချုပ်ကိုင်လာနိုင်ခွင့်များရရှိလာသည်ကိုတွေ့ရသည်။ထိုအခြေအနေများက ဒေသခံတိုင်းရင်းသားများ တောင့်ခံထားနိုင်သော အခြေအနေကိုယိုယွင်းလာနိုင်ကြောင်း တွေ့ရှိရသည်။ နိုင်ငံရေးအခြေအနေပြောင်းလဲမှုရှိ လျှင် ပိုမိုလှုပ်ရှားနိုင်မည့် အခြေအနေသို့ရောက်ရှိနိုင်သည်ကိုလည်း မျှော်လင့်ထားပုံရသည်။ထို့ကြောင့်လည်းရို ဟင်ဂျာတိုင်းရင်းသားများ ရပိုင်ခွင့်ကို မန်တီးတောင်းဆိုလှုပ်ရှားနေခြင်း ဖြစ်သည်။၁၉၉၀ ပြည့်နှစ်တရင်းအရ မောင်တောမြို့နယ်တစ်ခုတည်းပင်လျှင် ဗလီ ၃၀၀ ကျော်ရှိကြောင်းသိရသည်။

မော်လဝီဆရာများက မြန်မာနိုင်ငံ၏ရှေ့အလားအလာကို ခန့်မှန်းကာ နိုင်ငံရေးလမ်းကြောင်းကိုချပေး ခြင်းဖြင့် ၎င်းတို့လှုပ်ရှားရမည့်အခြေအနေကို စနစ်တကျတွက်ချက်ဆောင်ရွက်ခြင်းများ ရှိသည်ကိုတွေ့ရသည်။ ၎င်းတို့အနေဖြင့် ပါတီဖွဲ့စည်းခွင့်မရှိသဖြင့် အလားအလာကောင်းသည့် ပါတီနှင့်ပူးပေါင်းရမည်ဟူသောသဘော ကိုကြိုတင်စီစဉ်ထားပြီးဖြစ်သည်။လူငယ်များနှင့်ပတ်သက်၍ရိုဟင်ဂျာလူမျိုးအကြောင်းကို မွတ်ဆလင်အဖွဲ့ရဆရာ များနှင့် ကျူရှင်ဆရာများကတစ်နေ့လျှင်တစ်နာရီခန့်ကျောင်းသားများကိုဟောပြောရမည်ဖြစ်ကြောင်းစွယ်စုံပညာ

---

၁ OH/P/0358/2009,တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာန မှ

သင်ကျောင်းများဖွင့်လှစ်ပြီးမိမိလူမျိုးစစ်မြစ်ကို ဖော်ထုတ်ရမည်ဖြစ်ကြောင်းညွှန်ကြားထားသည်ကိုတွေ့ရသည်။[1] ၎င်းဘာသာရေးအဖွဲ့များအနေဖြင့် အာဖဂန်သို့သင်တန်းတက်သူများ ၊လက်နက်ကိုင်အဖွဲ့ အနေဖြင့်သွားသူများ ရှိသည်ကို သိရှိရသည်။ အဓိကကြိုးကိုင် လှုပ်ရှားနေသူများသည် မော်လဝီဆရာများဖြစ်သည်ကိုတွေ့ရသည်။[2] မော်လဝီများအနေဖြင့် အာရဗီကျောင်းများကို အများအပြားတည်ထောင်ကာ ၎င်းတို့လိုအပ်သည့်လမ်းကြောင်းကိုထိုကျောင်းများမှ စတင်အကောင်အထည်ဖော်ပေးနေခြင်း ဖြစ်သည်ကိုတွေ့ရသည်။

၎င်းအာရဗီကျောင်းများနှင့်ပတ်သက်၍ မောင်တောမြို့နယ်အာရဗီကျောင်းများ အခြေအနေစာတမ်းတွင် တင်ပြထားသည်မှာ"၁၉၆၂ ခုနှစ်က အာရဗီအထက်တန်းကျောင်း(၆)ကျောင်း၊အလယ်တန်းကျောင်း(၁၆)ကျောင်း၊ မူလတန်းကျောင်း(၂၇၆)ကျောင်းရှိရာမှ ၁၉၈၀ပြည့်နှစ်တွင် အာရဗီတက္ကသိုလ်(၂)ကျောင်း၊အထက်တန်းကျောင်း(၉)ကျောင်း၊အလယ်တန်းကျောင်း(၁၈)ကျောင်း၊မူလတန်းကျောင်း(၃၀၀)ကျော်ရှိလာသည်ကိုတွေ့ရသည်။ကျောင်းသားဦးရေမှာ ၁၉၉၀ပြည့်နှစ်တွင် အာရဗီတက္ကသိုလ်၌ (၂၀၀)၊အာရဗီအထက်တန်းကျောင်း၌ (၁၇၅၀)၊အာရဗီအလယ်တန်းကျောင်းတွင်(၁၈၈၀)၊အာရဗီမူလတန်းကျောင်းတွင် (၂၁၁၃၀)ရှိကြောင်းသိရသည်။အဓိကသင်ကြားပေးသည်များမှာအစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်ရန်၊ဝတ်ပြုရန်၊အာရဗီဘာသာသင်ရန်အပြင်အာရပ်လူမျိုးများနှင့် ဘင်္ဂါလီလူမျိုးများ၏ယဉ်ကျေးမှုထုံးတမ်းဓလေ့များနှင့် အတွေးအခေါ်များကိုသာ အဓိကထားသင်ကြားပေးသဖြင့် မြန်မာတို့၏အသိုင်းအဝိုင်းနှင့် ဝေးသည်ထက်ပို၍ဝေးလာသည်ကို တွေ့ရသည်။၎င်းတို့၏ဝတ်စားပုံနေပုံထိုင်ပုံ၊ပြုမူဆောင်ရွက်ပုံများမှာမြန်မာတို့နှင့်လုံးဝမတူသကဲ့သို့ မြန်မာတိုင်းရင်းသားတို့၏ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လုံးဝလက်ခံလိုစိတ်မရှိဘဲ မြန်မာများနှင့်ခြားနားသောအသွင်များဖြစ်လာသည်ကို တွေ့ရသည်။မောင်တောမြို့နယ်ရှိ ဘင်္ဂါလီများမှာ ကိုယ်ပိုင်အနုပညာတေးဂီတလည်း မရှိကြောင်းတွေ့ရှိရသည်"ဟုရေးသားထားသည်ကို တွေ့ရသည်။[3]

သုံးသပ်ချက်

ရခိုင်သမိုင်းသုတေသနအတွက် ရခိုင်ပြည်နယ်အတွင်းသွားရောက်လေ့လာသည့်အခါရခိုင်တိုင်းရင်းသားများနှင့် တွေ့ဆုံစကားပြောခဲ့ရာတွင် ရိုဟင်ဂျာလူမျိုးကို ၎င်းတို့အနေဖြင့် တို့လုံးဝမကြားဘူးကြောင်း၊ဘိုးဘိုးစိကစ်ဥ်ဘွားကြားသဖြင့် မည်သည့်လူမျိုးကို ရိုဟင်ဂျာခေါ်သနည်းဟု မေးယူရပြီးအံ့အားသင့်ကြောင်းပြောကြသည်။ ထိုအတူ ကျေးလက်နေမွတ်ဆလင်များပင်လျှင် ရိုဟင်ဂျာကို ၎င်းတို့ကိုယ်တိုင်မသိသည်ကိုတွေ့ရှိရပါသည်။သို့သော်ခေတ်ပညာတတ်ရခိုင်များအနေဖြင့် ရိုဟင်ဂျာပေါ်ပေါက်လာခြင်းသည် ၁၉၅၀ပြည့်နှစ်များကာလတွင်မော်လဝီတို့ဦးဆောင်မှုဖြင့်စတင်စီမံလာခြင်းဖြစ်ကြောင်းသိရှိကြသည်။၎င်းတို့အနေဖြင့် နိုင်ငံရေးအရရခိုင်မွတ်ဆလင်လူမျိုးအနေဖြင့် စတင်လှုပ်ရှားခဲ့ရာ ရခိုင်လူမျိုးတွင်မွတ်ဆလင်လူမျိုးမရှိသဖြင့် ရခိုင်မွတ်ဆလင်လူမျိုးဟူသည့်စကားကိုရခိုင်တို့အပြင်းအထန်ကန့်ကွက်လာမှုကြောင့် ရခိုင်မွတ်ဆလင်လူမျိုးဟူသည့်တိုင်းရင်းသားဖြစ်ရေးလမ်းကြောင်းကို စွန့်လွှတ်ကာရိုဟင်ဂျာဆိုသော လူမျိုးသစ်ကို ဖန်တီးလာခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင်

---

[1] ၃၁-၃-၂၀၀၉ မောင်တောမြို့နယ်တရားရုံး၏ အမှုအမှတ် ၃၇၂

[2] ယင်း

[3] D1319 ၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု။

နိုင်ငံတကာအသိုင်းအဝန်း၏အားကိုယူကာစနစ်တကျ အကွက်ချဆောင်ရွက်လာသဖြင့် အမှားသည်ကြာလေလျှင် အမှန်ဖြစ်သွားနိုင်သောအခြေအနေကို ရောက်ရှိလာနိုင်သောကြောင့်စနစ်တကျပြန်လည်တုံ့ပြန်ရန်လိုအပ်လာမည်ဖြစ်သည်။ရိုဟင်ဂျာလှုပ်ရှားမှုသည် ပြည်နယ်တစ်ခုအဖြစ် ပါလီမန်ခေတ်ကတောင်းဆိုခဲ့သော်လည်း ယခုအခြေအနေသည် နိုင်ငံတည်ထောင်ရန်ဝိစဉ်သည်အထိ လှုပ်ရှားလာသည်ကိုတွေ့ရသည်။ထို့အတူရွေးကောက်ပွဲတွင် ပါလီမန်ခေတ်ကကဲ့သို့ အခွင့်ကောင်းကြုံရန်စောင့်ကြည့်နေပုံရသည်ကိုလည်း တွေ့ရှိရသည်။ထိုသို့အခွင့်ကောင်းကြုံလာလျှင် ဘူးသီးတောင်၊မောင်တောနယ်များကို ၎င်းတို့ချုပ်ကိုင်ထားနိုင်မည်ဟု ယူဆကြသည်။

ရခိုင်တိုင်းရင်းသား-လူကြီးများအနေဖြင့်စိုးရိမ်နေသည့်အချက်မှ ပါလီမန်လက်ထက်ကဲ့သို့ရွေးကောက်ပွဲများပြုလုပ်လာပါက မွတ်ဆလင်အများစုသည် ပါလီမန်အမတ်ဖြစ်လာပြီး ရခိုင်တိုင်းရင်းသားများ၏အနာဂတ်အခြေအနေမရေရာတော့မည့်အချက်ပင် ဖြစ်ပါသည်။၎င်းတို့၏သဘောထားအရ ရွေးကောက်ပွဲများပြုလုပ်သည့်အခါအခြားဒေသများကဲ့သို့ ရခိုင်တွင်မပြုလုပ်ဘဲ အစိုးရ၏ထိန်းချုပ်မှုအောက်တွင် ယခုအတိုင်းထားကာဆောင်ရွက်စေလိုသူသော သဘောထားများရှိသည်ကိုတွေ့ရသည်။ပါလီမန်ခေတ်အခြေအနေမျိုးကိုယခုတစ်ကြိမ်ပြန်ဖြစ်သွားပါက ထိုခေတ်အခြေအနေထက် ပိုမိုဆိုးရွားလိမ့်မည်ဟု၎င်းတို့ကိုယ်တိုင်က ယူဆထားကြပုံရသည်။

ရောက်ရှိနေပြီးသော မွတ်ဆလင်များနှင့် တိုင်းရင်းသားရခိုင်တို့အကြားတွင် တစ်ဦးနှင့်တစ်ဦးယုံကြည်မှုကင်းမဲ့ခြင်းသည်အင်္ဂလိပ်တို့အကွက်ချဆောင်ရွက်ခဲ့သော ၁၉၄၂ခုနှစ်စစ်အတွင်း အဓိကရုဏ်းကစတင်အခြေခံခြင်းပင်ဖြစ်သည်။ထိုသို့ယုံကြည်မှုကင်းမဲ့ခြင်းမှ ကင်းလွတ်ကာငြိမ်းလွတ်ကာ ငြိမ်းချမ်းစွာနေထိုင်လိုသောအုပ်စုများလည်း နှစ်ဦးနှစ်ဘက်လုံးတွင် ရှိသည်ကိုတွေ့ရသည်။အချို့မွတ်ဆလင်များက ရိုဟင်ဂျာဖြစ်ဖြစ်၊ဘင်္ဂါလီဖြစ်ဖြစ် စိတ်မပင်စားကြောင်း ယခင်ကဲ့သို့အေးအေးချမ်းချမ်းသာ စားသောက်နေထိုင်သွားလိုကြောင်းပြောသည်များလည်း ရှိသည်ကိုတွေ့ရသည်။သို့သော် မွတ်ဆလင်တို့အနေဖြင့် အသိုက်အဝန်းစနစ်ဖြင့် နေထိုင်သူများဖြစ်ရာ ထိုအသိုက်အဝန်းကို ထိန်းချုပ်ထားသည့် မော်လဝီဆရာတို့၏ဩဇာကို ကျော်လွှန်ဆောင်ရွက်ခြင်းငှာမည်သူမျှ ဆောင်ရွက်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

ရခိုင်တို့အနေဖြင့် ယူဆထားသည်မှာတစ်ချိန်ကပေယာဂရှိင်ဟုခေါ်သောဘူးသီးတောင်၊မောင်တော၊ရသေ့တောင်ဒေသများသည် အချိန်မရွေးပေါက်ကွဲနိုင်သောဒေသများဖြစ်ပြီးထိုသို့ဖြစ်လာလျှင် မွတ်ဆလင်များအနေဖြင့်ပြည်ပသင်တန်းများ တက်ရောက်ပြန်လာကြသူများ နေရာတိုင်းတွင်လျှို့ဝှက်သိုပ်သည်းစွာ မြှုပ်နှံထားပြီးဖြစ်ရာ ၎င်းတို့အနေဖြင့်အဆင်သင့်ပြင်ဆင်ပြီးဖြစ်သဖြင့် တိုင်းရင်းသားများအနေဖြင့် အထူးစိုးရိမ်စရာဖြစ်ပြီးစစ်အတွင်းကြုံရသည့်အတိုင်း ပြန်လည်ရင်ဆိုင်ရနိုင်ကြောင်းကို ၁၉၈၈ မေ ၁၃ အရေးကိုသာဓကပြုကာထောက်ပြသည်များကိုလည်းတွေ့ရှိရသည်။အခြေခံအကြောင်းအရင်းသည် အင်္ဂလိပ်တို့မီးမွှေးထားခဲ့သည့် အချင်းအရာတစ်ခုဖြစ်ရာမြန်မာနိုင်ငံထဲတွင် နေထိုင်သောသူတိုင်းနိုင်ငံအပေါ် သစ္စာစောင့်တည်ရေးပင်ဖြစ်သည်။ ရခိုင်တိုင်းရင်းသားအမိုးအိုတစ်ဦးက "သူတို့တွေဟာ ခန္ဓာကိုယ်ကသာ မြန်မာနိုင်ငံမှာဖြစ်ပြီး စိတ်ကဘင်္ဂလားမှာဖြစ်တယ်။ဒီနိုင်ငံမှာနေထိုင်အသက်မွေးစားသောက်ပေမဲ့ သူတို့စိတ်က ဘင်္ဂလားမှာပဲရှိတယ်"ဟုမှတ်ချက်ချခဲ့သည်။ထိုသို့မဖြစ်ရန်အတွက်ရှိနေပြီးသောမွတ်ဆလင်များကိုအဆင့်ဆင့်စိမံကိန်းချကာ မိမိနေထိုင်သည့်နိုင်ငံအပေါ်သစ္စာစောင့်သိရေးကိုစည်းရုံးဆောင်ရွက်နိုင်မှသာ မြန်မာနိုင်ငံ၏အနောက်ဘက်တံခါး လုံခြုံရေးအတွက်စိတ်ချရမည်ဖြစ်ပါသည်။

နိုင်ငံတကာတွင်မီဒီယာဖြင့်ထိုးဖောက်မှုအပိုင်းတွင် ရိုဟင်ဂျာဝက်ဘ်ဆိုက်များသည် အများကြီးပြားနေရာ ယူထားရာ မီဒီယာကိုမီဒီယာဖြင့် တိုက်ရေးသည့်လည်း အရေးပါသည့်လုပ်ငန်းတစ်ခုဖြစ်ပေသည်။အရှေ့တောင် အာရှတစ်ခုလုံး မွတ်ဆလင်နိုင်ငံဖြစ်ရေး ရည်ရွယ်ချက်တစ်ခုသည် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံကို လွှမ်းမိုးလိုက် သည်နှင့် အလိုအလျောက်ရှိတ်ဆက်ပြီးဖြစ်ရာ မြန်မာနိုင်ငံ၊ရခိုင်ပြည်နယ်နှင့်ထိုင်းနိုင်ငံတောင်ပိုင်းတို့တွင် မွတ် ဆလင်လှုပ်ရှားမှုများသည့် ထိုရည်မှန်းချက်ကို စနစ်တကျအကောင်အထည်ဖော်နေခြင်းပင်လောဟု စဉ်းစားနိုင် ပေသည်။

လူ့အခွင့်အရေးကို တွင်တွင်ကျယ်ကျယ်အသုံးချကာ အော်ဟစ်နေသော ရိုဟင်ဂျာတိုင်းရင်းသားဖြစ်ရေး လှုပ်ရှားမှု၏နောက်ကွယ်တွင် ဘာသာရေးနိုင်ငံတစ်ခုထူထောင်ရန် ရည်မှန်းချက်ပါရှိနေရာထိုအခြေအနေကပင် လူ့အခွင့်အရေးကို အမှန်တကယ်လိုက်နာဆောင်ရွက်လိုခြင်း ရှိ–မရှိ သိရှိနိုင်လေသည်။၎င်းတို့၏လှုပ်ရှားမှုများ ကိုသမိုင်းနောက်ခံအချက်အလက်များကို လေ့လာခြင်းမရှိဘဲ သွယ်ဝိုက်ကာ လက်ခံဆောင်ရွက်ပေးနေသည်မှာ ရခိုင်ပြည်နယ်ထဲရှိ(N G O)များပင်ဖြစ်သည်။ရခိုင်တိုင်းရင်းသားများကိုယ်တိုင်က ၎င်းအဖွဲ့အစည်းများအနေဖြင့် မွတ်ဆလင်များအတွက်သာ ဆောင်ရွက်ပေးနေခြင်းကို ဒေသခံတို့အနေဖြင့် လုံးဝနားမလည်နိုင်ကြသကဲ့သို့မွတ် ဆလင်များကို ပိုမိုအခွင့်အရေးပေးဆောင်ရွက်နေခြင်းကြောင့် ၎င်းဘင်္ဂါလီများကို မြှောက်ပေးသည့်အဖွဲ့အစည်း များဖြစ်လာပြီး တိုင်းရင်းသားတို့အနေဖြင့် စိတ်နာကြည်းစရာဖြစ်လာသည်ကို တွေ့ရသည်။

ယနေ့ဖြစ်ပေါ်နေသောရိုဟင်ဂျာလှုပ်ရှားမှုသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဟန်ချက်ညီညီလှုပ်ရှား နေသကဲ့သို့ မွတ်ဆလင်နိုင်ငံများနှင့်လည်း ဟန်ချက်ညီညီ လှုပ်ရှားနေခြင်းဖြစ်သည်ကို တွေ့ရသည်။ယခင်က ပေါ်ပေါက်ခဲ့သည့်မူဂျာဟစ်လှုပ်ရှားမှုသည် ဂျေဟိုက်လှုပ်ရှားမှု(ဘာသာရေးစစ်ပွဲ)လှုပ်ရှားမှုအဖြစ်လှုပ်ရှားနေခြင်း ဖြစ်ရာ ၎င်းအဖွဲ့သည် လုံးဝပျက်သုဉ်းသွားခြင်းမဟုတ်ဘဲ အသွင်တစ်မျိုး၊အမည်တစ်မျိုးဖြင့် ပြန်လည်လှုပ်ရှား နေခြင်းပင်ဖြစ်သည်။ထို့အတူဘာသာရေးသင်တန်းများ၏ အချက်အခြာဖြစ်သောအာဖဂန်နစ္စတန်နှင့်လည်းဆက် သွယ်ကာ သင်တန်းများတက်ရောက်ခြင်း၊ဘာသာရေးစစ်သည်များအဖြစ် သွားရောက်ခြင်းများရှိသည်ကိုတွေ့ရ သည်။ထိုင်းနိုင်ငံတောင်ပိုင်း မွတ်ဆလင်ခွဲထွက်ရေးလှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်နေပြီး ရိုဟင်ဂျာလှုပ်ရှား မှုသည်လိုအပ်သည့်နေရာတွင်ဘာသာရေးစစ်သည်များအဖြစ်ဝင်ရောက်ထမ်းဆောင်နေခြင်းဖြစ်ရာ အဆိုပါအဖြစ် မှန်ကိုသိမှသာလျှင် နိုင်ငံတကာအတွက် အန္တရာယ်ဖြစ်ကြောင်းသိရှိနိုင်မည်ဖြစ်သကဲ့သို့ မိမိနိုင်ငံအတွက်လည်း ထိုအန္တရာယ်ကိုမည်သို့ ဖြေရှင်းရမည်ကိုနားလည်နိုင်မည် ဖြစ်သည်။မည်သို့ဆိုစေ ရိုဟင်ဂျာသည်တိုင်းရင်းသား ဖြစ်ရေးနှင့်၎င်းတို့၏နိုင်ငံရေး ရည်မှန်းချက်များသည် ၁၉၅၁ခုနှစ်က စတင်မြစ်ဖျားခံခဲ့သော အလယ်ဒ်ကျော် ညီလာခံ၏ဆုံးဖြတ်ချက်များကို အခြေခံလမ်းစဉ်အဖြစ်ချမှတ်ကာ ဆက်လက်လှုပ်ရှားနေခြင်းဖြစ်ကြောင်းတွေ့ရှိရ သည်။

---

ကိုးကားအထောက်အထားများ


Aye Chan ,Dr.,The Development of Muslim Enclave in Arakan (Rakhine) State of Burma (Myanmar) ,SOAS Bulletin of Burma Research ,Vol.3 ,No .2.,Autumn 2005

Aye Kyaw ,Dr.,The Rohingya and Rakhing ,http//:arakanland.com/index –4.html

Ba Tha,Roewengyas In Arakan,The Guardian,1960

Bulletin of Burma Research ,Vol.3 ,No .2.,Autumn 2005

Burma Gazetteer,Akyab District ,Vol(A),Rangoon(Yangon).Govt.Press,1957

Chacter of the Constitution Demands of the Arakani Muslims (1951)

Irwin ,Anthony,Burmese Outpost, London,Collins

London India Office Record,R/8/9GS,4243

Maurice Collis, The Land of the Great Image ,Faber and Faber Ltd,London

Mohammed Yunus,Dr.,A History if Ataktn: Past &Present, Mangonta Color Pess,Chittagong, 1994

Serajuddin,Muslim influence in Arakan and the Muslim Names of Arakanese Kings,Asiatic Society of Bangladesh ,Vol XXX,I,June,1985

Smart,R.B.,Akyat District,Govt.Printing,Rangoon(Yangon),1957

Smart,R.B.,Report on the Akyab district 1913- 1917 , Rangoon, Govt.Press(Yangon),1918

The Guardian,1960

Thin Kyi,Araknese Capital; "A Preliminary Survey of the Geographical Sitting",JBRS,Vol.LIII, Part II,Rangoon,1970

ခင်ကြီးဖျော်၊ရခိုင်ပြည်မှမူဂျာဟိန်းဟူသည်၊ရခိုင်တန်ဆောင်၊အတွဲ ၁၊အမှတ် ၈၊၁၉၅၉-၆၀

စံထွန်းအောင်၊ဦး၊ကိုယ်တွေ့မေယုနှင့် ရိုဟင်ဂျာ၊(လက်နှိပ်စာမူ)

စံသာအောင်၊ဦး၊အာနန္ဒစန္ဒြကျောက်စာ

စန္ဒမာလာလင်္ကာရ၊ရခိုင်ရာဇဝင်သစ်၊(ပ)တွဲ၊ပိဋကတ်ပုံနှိပ်တိုက်၊ရန်ကုန်၊၁၉၃၁

ဇော်မင်းထွဋ်၊ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားရိုဟင်ဂျာများ၊(ပထမအကြိမ်)၊ Maruyama Corp,Tokyo ၊၂၀၀၃

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ညီလာခံမှတ်တမ်း (၁၉၅၇ စက်တင်ဘာလ ၂၀ ရက်) စာတွဲ(၄) အစည်းအဝေးမှတ်တမ်း၊အစိုးရပုံနှိပ်တိုက်၊ရန်ကုန်၊၁၉၅၈

နတ်မောက်ဘုန်းကျော်၊အင်္ဂလိပ်မြန်မာစစ်သမိုင်း၊(ဒုတိယအကြိမ်)စာပေလောကပုံနှိပ်တိုက်၊ရန်ကုန်၊၁၉၆၆

ပဏ္ဍိ၊ဦး၊ဓညဝတီရာဇဝင်သစ်၊ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၊ရန်ကုန်၊၁၉၁၀

ပြည်နယ်ဖြစ်စဉ်သမိုင်း၊ရခိုင်ပြည်နယ်၊လက်နှိပ်စာမူ

ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊အပိုင်း(၂)

ပုကလေး၊ဦး၊ငါတို့ဗိုလ်ချုပ်ဘာတွေလုပ်ခဲ့သလဲ၊(ဒုတိယတွဲ)၊(ပုံနှိပ်တိုက်မပါ)၊ရန်ကုန်၊၁၉၄၈

ဖော်ဇံ၊'ရခိုင်နယ်စပ်မှ ဗိုလ်ချင်းပွဲ၊ဓညဝတီမဂ္ဂဇင်း၊နှစ်လည်(၁၉၅၂-၅၃)

ဖိုးကံကောင်း၊'ဓမ္မန္တရယ် ရိုဟင်ဂျာ'မြတ်ခင်းသစ်မဂ္ဂဇင်း၊အမှတ်စဉ်(၂၅)၊၁၉၉၂

ဘူးသီးတောင်မြို့နယ်သမိုင်း၊လက်နှိပ်စာမူ

ဘုံပေါက်သာကျော်၊တော်လှန်ရေးခရီးဝယ်၊သတင်းဂျာနယ်ပုံနှိပ်တိုက်၊ရန်ကုန်၊၁၉၇၃

ဦးသေါက်သာကျော်၊ ရခိုင်ပြည်နယ်နှင့်ရိုဟင်ဂျာအမည်ခံ ဘင်္ဂါလီများပြဿနာစာတမ်း၊၁၉၈၉၊လက်နှိပ်စာမူ၊
သမိုင်းသုတေသနဦးစီးဌာန၊၁၉၈၉
မောင်တောမြို့နယ်ဖြစ်စဉ်သမိုင်း၊သမိုင်းပြုစုရေးအဖွဲ့၊မောင်တောမြို့နယ်ပြည်သူ့ကောင်စီ၊၁၉၈၁၊လက်ရေးမူ
မောင်တောမြို့နယ် ရခိုင်တိုင်းရင်းသားများရင်ဆိုင်နေရသောအခြေအနေကိုသိရှိနိုင်ရန်နှင့် ဒီမိုကရေစီအခွင့်အရေး
များကို ကန့်သတ်နိုင်ရန်တင်ပြခြင်း၊
မောင်တောမြို့နယ် အနာဂတ်သာသနာတော်အရေးအခင်းနှင့် ပတ်သက် တင်ပြလျှောက်ထားချက်၊၂၈-၂-၂၀၀၈
မောင်တောမြို့နယ် အနာဂတ်သာသနာတော်အရေးအခင်းနှင့် ပတ်သက် တင်ပြလျှောက်ထားချက်၊၂၈-၉-၁၉၈၈
အောင်ထင်"ရခိုင်ပြည်နယ် အစီရင်ခံစာ"မြဝတီမဂ္ဂဇင်း၊၁၉၆၀၊ဇူလိုင်၊အတွဲ ၈
ဥက္ကာဟစ်များအလင်းဝင်ခြင်း၊မြဝတီပုံနှိပ်တိုက်၊စာမျက်နှာ၊ ခုနှစ်မပါ၊
မြန်မာမင်းများ အရေးတော်ပုံ၊နံ့သာပုံနှိပ်တိုက်၊ရန်ကုန်၊၁၉၆၇
ရခိုင်အားမာန်(၂)၊ရခိုင်သမိုင်းသုတေသနအသင်း၊၁၉၉၆
ရခိုင်ပြည်နယ်ဖြစ်စဉ်သမိုင်း၊စတုတ္ထတွဲ၊လူမှုရေးကဏ္ဍ၊လက်နှိပ်စက်မူ
ရခိုင်-ကုလားအဓိကရုဏ်းကိုယ်တွေ့မှတ်စု
ရခိုင်ပြည်နယ်၊ဘူးသီးတောင်မြို့နယ်၏ရိုဟင်ဂျာအမည်ခံစစ်တကောင်းသား ဘင်္ဂါလီမွတ်ဆလင်များနှင့်
ပတ်သက်တင်ပြသည့်စာတမ်း၊ကွန်ပျူတာမူ
ရသေ့တောင်မြို့နယ်သမိုင်းဖြစ်စဉ်မှတ်တမ်း၊မြို့နယ်သမိုင်းဖြစ်စဉ်မှတ်တမ်းပြုစုရေးအဖွဲ့၊ရသေ့တောင်၊၁၉၈၁
ရိုဟင်ဂျာစာတမ်းအကျဉ်းပြုစုတင်ပြခြင်း၊လက်နှိပ်စက်စာမူ
ရိုဟင်ဂျာလူမျိုးစု၏ ရာဇဝင်အကျဉ်းချုပ်၊ရန်ကုန်၊ရိုဟင်ဂျာအမျိုးသားညီညွတ်ရေးအဖွဲ့၊၁၉၆၀
ရခိုင်ပြည်နယ်လူဦးရေစာရင်း၊လူဝင်မှုကြီးကြပ်ရေး၊ရခိုင်ပြည်နယ်၊၂၀၀၈
လုပ်သားပြည်သူများ၏ သဘောထားဆန္ဒနှင့် အကြံပေးချက်၊နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(မူကြမ်း)
ရေးဆွဲရေးကော်မရှင်၊မောင်တောမြို့နယ်၊၁၉၇၁
လုပ်သားပြည်သူများ၏ သဘောထားဆန္ဒနှင့် အကြံပေးချက်၊နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(မူကြမ်း)
ရေးဆွဲရေးကော်မရှင်၊မောင်တောမြို့နယ်၊၁၉၇၁
သုဓန်းဖြူဦး၊ရခိုင်ပြည်နယ်စီးပွားရေးဘဏ္ဍာတိုက်၊တောက်တောက်ဝင်းပုံနှိပ်တိုက်၊၁၉၇၆၊ရန်ကုန်
သံလွင်မောင်၊ရခိုင်ကုလား သို့မဟုတ် ရိုးဝန်ညာလူမျိုးများ၊မြဝတီမဂ္ဂဇင်း၊အတွဲ (၈)၊အမှတ် (၉)၊၁၉၆၀
ဟံသာဝတီသတင်းစာ၊၃-၉-၅၂
[illegible]ပြည်ထောင်စုသတင်းစာ၊၅-၁၂-၁၉၆၀
အမျိုးသားသတင်းစာ၊၂၂-၂-၆၁
အောင်ကြည်ဦး၊(လဝက)၊နယ်စပ်ပြဿနာ၊လက်နှိပ်စက်မူ၊မောင်တောမြို့၊၁၉၇၆
အောင်သော်၊"ဗိဿနိုးမြို့ဟောင်းတူးဖော်မှု"၊တက္ကသိုလ်ပညာပဒေသာစာစောင်၊အတွဲ ၁၊အပိုင်း ၂၊
တက္ကသိုလ်ပုံနှိပ်တိုက်၊ရန်ကုန်

အမ်အေဟာဘီဘ်ဘာသာ၊ရိုဟင်ဂျာနှင့်ကမန်လူမျိုးစုများ၊ ရိုဟင်ဂျာအမျိုးသားညီညွတ်ရေးအဖွဲ့၊ရန်ကုန်၊ ၂၀၁၃၊

၃၁-၃-၂၀၀၉ မောင်တောမြို့နယ်တရားရုံး၏အမှုအမှတ် ၃၇၂

မော်ကွန်းအထောက်အထားများ

D264 သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

D272 သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

D1313 သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု၊၁၉၈၈

D1315 သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

D1316 သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

D1317 သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

D1318 သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

D1319 သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

DR491(56) သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

Series10/1,Acc,No.641,NAD

MF-962 ၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

OH/P/0354/2009၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

OH/P/0355/2009၊ တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

OH/P/0356/2009၊တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

OH/P/0358/2009၊တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

OH/P/0359/2009၊တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

OH/P/0360/2009၊တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

OH/P/0361/2009၊တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

OH/P/0362/2009၊တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု

OH/P/0363/2009၊တွေ့ဆုံမေးမြန်းချက်၊သမိုင်းသုတေသနဦးစီးဌာန၊မော်ကွန်းဌာနစု